မင်္ဂလာနှစ်သစ်ပါလို့ ဗွိုအိုဘီ မိတ်ဆွေအားလုံးကို နှုတ်ခွန်းဆက်လိုက်ပါတယ်

၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group

Issue No. 691 JANUARY 4, 2009

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

# အဲန်စီယူဘီ က အစိုးရဖွဲ့စည်းမည်ဟုကြေညာ
# အဲန်စီဂျီယူဘီ က စင်ပြိုင်အစိုးရအဖြစ် ဆက်ရှိနေဦးမည်ဟုဆို

**RFA ၊ ဇန်နဝါရီ ၂ ။** ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လက်တွေ့အကောင်အထည်ဖော်ကြိုးစားတဲ့အနေနဲ့ အမျိုးသားညီညွတ်ရေးအစိုးရ National Unity Government-NUG ကို ဖွဲ့စည်းမှာဖြစ်တယ်လို့ ထိုင်း မြန်မာနယ်စပ်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB က ဇန်နဝါရီလ ၁ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိဆိုးဝါးနေတဲ့ အခြေအနေတွေကို ကုစားနိုင်ဖို့ စစ်အစိုးရကို ဖယ်ရှားပြီး စစ်မှန်တဲ့ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ဖို့နည်းလမ်းမှတပါးအခြားမရှိလို့ NCUB ကသုံးသပ်တဲ့အကြောင်း ကြေညာချက်မှာဖော်ပြထားပါတယ်။ အခုလိုချမှတ်ထားတဲ့လုပ်ငန်းစဉ်ကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် အပြီးသတ်အကောင်အထည်ဖော်မှာဖြစ်တယ်လို့ ပြောပါတယ်။

ပြည်ပရောက် ရွေးကောက်ခံကိုယ်စားလှယ်များနဲ့ဖွဲ့စည်းထားတဲ့ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB နဲ့တော့ ညှိနှိုင်းနေဆဲဖြစ်တယ်လို့ NCUB ရဲ့ တွဲဘက်ထွေထွေအတွင်းရေးမှူး ဦးမြင့်သိန်းက ပြောပါတယ်။

**VOA ၊ ဇန်နဝါရီ ၂ ။** ။ လက်ရှိပြည်ပရောက် အစိုးရဖြစ်တဲ့ NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကတော့ သူတို့အနေနဲ့ လက်ရှိချမှတ်ထားတဲ့မူတွေနဲ့ ဆက်ပြီးရပ်တည်သွားမယ်လို့ဆိုပါတယ်။ စင်ပြိုင်အစိုးရသစ်တရပ်ဖွဲ့စည်းရေး NCUB ရဲ့ ကြေညာချက်ဟာ ရှင်းလင်းမှုမရှိသေးဘူးလို့ ပြောဆိုပါတယ်။

"နောက်ထပ်စင်ပြိုင်အစိုးရပေါ်တာ မပေါ်တာကျနော်တို့လည်းအသေအချာမသိသေးဘူး။ ဒါပေမယ့် အဲန်စီဂျီယူဘီမှာ ကိုယ်ပိုင်မူရှိတယ်။ နောက်ပြီးရင် နိုင်ငံရေးအကြီးအကျယ်ပြောင်းလဲမှုမရှိသေးရင် အတွင်းကနေပြီး CRPP အန်အယ်လ်ဒီတို့ရဲ့ဦးဆောင်မှုရှိနေသရွေ့ ဒီဦးဆောင်မှုနဲ့ မျှတအောင် ကျနော်တို့လုပ်ကြရမှာပဲ။"

သူတို့အခုလိုကြေညာချက်မထုတ်ပြန်ခင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေနဲ့ အန်စီဂျီယူဘီအဖွဲ့ကို ကြိုတင်အကြောင်းကြားတာတွေ တိုင်ပင်တာတွေရှိပါသလား။

"ဒီကြေညာချက်နဲ့ပတ်သက်ပြီး ဒီကြေညာချက်ဆိုတာက အခုနှစ်သစ်ကူးကြေညာချက်နဲ့ ပတ်သက်ပြီး မရှိဘူး။ ဒါပေမယ့်လည်း အရင်ပိုင်းမှာဆွေးနွေးခဲ့တာတွေတော့ရှိတယ်။ ဆွေးနွေးခဲ့တယ်ဆိုတာက တိုးချဲ့ရေးတို့ ဘာတို့ ဒီကိစ္စကိုဆွေးနွေးခဲ့ပါတယ်။ သို့သော်လည်း နှစ်သစ်ကူးကြေညာချက်နဲ့ ပတ်သက်လို့တော့ ကျနော်တို့နဲ့ဘာမှ ဆွေးနွေးထားတာမရှိပါဘူး။"

အခုလိုဖြစ်လာတာက အန်စီဂျီယူဘီရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ ဘယ်အတိုင်းအတာ အထိ အောင်မြင်မှု ဘယ်လောက် အထိ ရှိသလဲ ဆိုတဲ့အပေါ်မှာ အားမလိုအားမရဖြစ်ပြီး အခုလို ကြေညာ ချက်ထုတ်တာတို့ စင်ပြိုင်အစိုးရဖွဲ့မယ်ဆိုတာတို့ဖြစ်လာတာလား။

"အတိအကျကတော့ သူတို့ကိုမေးကြည့်မှပေါ့။ ကြေညာချက်ထုတ်တဲ့သူကိုမေးပေါ့။ ကျနော်ဆိုလိုတာကတော့ အားမလိုအားမရဆိုတာကတော့ဖြစ်စမြဲပဲ။ ဒါတော်လှန်ရေးတခု ရေရှည်လာပြီဆိုရင် အားမလိုအားမရဖြစ်ကြတာပဲ။ ကျနော်တို့ကတော့ အစိုးရဆိုတဲ့နာမည်ခံတဲ့အတွက် အရာရာမှာ အစိုးရတာဝန်ရှိတယ် ဆိုတဲ့ ယူဆချက်နဲ့ လူတွေက အစိုးရဘာလုပ်သင့်တယ် ဘာမလုပ်သင့်ဘူး ဒီထက်ပိုဆိုးတာက ဒီလိုဖြစ်နေတာ အစိုးရကြောင့် အစိုးရညံ့လို့ဆိုပြီး ပြောကြတာပေါ့။ ဘာလို့လဲဆိုတော့ အစိုးရကပေါ်လာတာကိုး။ ဒါပေမယ့် ကျနော်ပြောချင်တာက အစိုးရမပေါ်ခင်ကတည်းက အဖွဲ့အစည်းတွေအများကြီးရှိတယ်။ လုပ်နေတာတွေလည်းအများကြီးရှိတယ်။ ကျနော်တို့အဖွဲ့တခုတည်းအစိုးရတခုတည်းက လုပ်နေတာကတော့ မဟုတ်ဘူး။ အစိုးရတရပ်တည်းကိုပဲ ပုံပြီးတော့ပြောလို့တော့ မရဘူးနဲ့တူတယ်။

အခုလိုမျိုး သူတို့ကလည်း စင်ပြိုင်အစိုးရတရပ်ဖွဲ့စည်းမယ်လို့ပြောလာတဲ့အခါကျတော့ စင်ပြိုင် အစိုးရနှစ်ခုဖြစ်မနေဘူးလား။ ဒီလိုဖြစ်လာရင်ကော အန်စီဂျီယူဘီအနေနဲ့ ဘယ်လိုတုံ့ပြန်မလဲ။ နောက်ထပ်ပေါ်လာတဲ့ စင်ပြိုင်အစိုးရအပေါ်မှာ—

**စာမျက်နှာ ၈ သို့**

မြန်မာ့နိုင်ငံရေး ညီညွတ်ကြရန် ရွှေကျင်ဂိုဏ်းချုပ်ဆရာတော်ကြီးက သတိပေး
**စာမျက်နှာ ၂**

ဆန္ဒပြသူ အဖွဲ့ချုပ်လူငယ် ၄ ဦး ပြည်သူ့လွှတ်တော်ရှေ့အရောက်တွင် အဖမ်းခံရ
**စာမျက်နှာ ၃**

နာဂစ်မုန်တိုင်းအလွန် ဒုက္ခသည်များ သောက်သုံးရေ ရှားပါးမှုစတင်ကြုံတွေ့ရ
**စာမျက်နှာ ၅**

နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေခွင့်ပေးမည်ဟု သတင်းများထွက်ပေါ်
**စာမျက်နှာ ၇**

၂၀၀၈ ခုနှစ်အတွင်း ဒီမိုကရေစီအင်အားစုများ အစွမ်းကုန်ကြိုးပမ်းခဲ့ကြ ၊ အောင်မြင်မှုမရ
**စာမျက်နှာ ၁၂**

## VOB အာဘော်

# အမှန်တကယ် စုစည်းညီညွတ်ကြရမည်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အဲန်စီယူဘီက အမျိုးသားညီညွတ်ရေးအစိုးရတရပ် ထူထောင်ဖို့ရာရှိသည်ဆိုသည့်အကြောင်း တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ ဤသည်က မြန်မာပြည်တွင်း က စစ်အာဏာရှင်များဖွဲ့စည်းထားသည့်အစိုးရကို အာဏာပြိုင်မည့်အစိုးရသဘောမျိုးဖြစ်သည်။ ယခုလက်ရှိတွင် ပြည်ပ၌ အမျိုးသားညွန့်ပေါင်းအစိုးရ အဲန်စီဂျီယူဘီ ရှိနေပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ထဲတွင် အမျိုးသားညွန့်ပေါင်းအစိုးရသည် ထောက်တိုင်တရပ်အနေဖြင့် ပါဝင်သည်။

အဲန်စီယူဘီနှင့် အဲန်စီဂျီယူဘီတို့အကြား အမျိုးသားညီညွတ်ရေးအစိုးရ ကိစ္စနှင့်ပတ်သက်၍ အပြန်အလှန် နားလည်မှုမရှိသေးသည့်အနေအထားတွင်ရှိနေသည့်အတွက် နိုင်ငံတကာရောက်မြန်မာ့ဒီမိုကရေစီအင်အားစုများ နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ မျက်စိလည်သွားနိုင်စရာရှိသည်။

မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပြည်တွင်းရှိအင်အားစုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံကာ အဓိကနိုင်ငံရေးဦးဆောင်အဖြစ်သတ်မှတ်ကာ ဗဟိုပြု၍ လှုပ်ရှားနေကြသည်။ အဲန်အဲလ်ဒီ၏ပေါ်လစီနှင့် လှုပ်ရှားမှုများကို မထိခိုက်စေရန် တွက်ဆလုပ်ဆောင်ကြသည်။ ပြည်ပရှိ မြန်မာ့ဒီမိုကရေစီရေးအင်အားစုများသည် ပြည်တွင်းရှိ အဲန်အဲလ်ဒီ၏ မူများ၊ အသံများကို ရောင်ပြန်ဟပ်စေသည့်လှုပ်ရှားမှုများဖြင့် ကြိုးပမ်းနေကြသည်။ ပြည်ပနိုင်ငံများတွင် နိုင်ငံရေးအင်အားစုများသည် ဦးတည်ချက်တခုအတွက် လုပ်ကိုင်ပုံ ချဉ်းကပ်ပုံ ဦးစားပေးပုံအမျိုးမျိုးဖြင့် ဖြန့်ကြက်လှုပ်ရှားလျက်ရှိသည်။ ထိုဖြန့်ကြက်လှုပ်ရှားမှုများကို မည်သည့်အဖွဲ့အစည်းကမျှ ဟန်ချက်ညီသည့်စုစည်းလှုပ်ရှားမှုများ ဖြစ်လာစေရန် လုပ်ဆောင်နိုင်ခြင်းလုံးဝမရှိသေးပေ။ အချို့သောအဖွဲ့အစည်းငယ်လေးများက ၎င်းတို့အား အဲန်စီယူဘီ၊ အဲန်စီဂျီယူဘီကဲ့သို့သော နိုင်ငံရေးအင်အားရှိသည့် အဖွဲ့အစည်းများက စုစည်းဦးဆောင်မှုပေးသည်များကို အလိုရှိကြသည်၊ အချို့က ထိုအဖွဲ့အစည်းများကို မနှစ်သက်ကြပေ။ မိမိတို့ရပ်တည်ချက်များဖြင့် မြန်မာ့ဒီမိုကရေစီရေး အတွက် ချီတက်နေကြသည်။

နှစ် ၂၀ ကျော်ကာလအတွင်း မြန်မာ့ဒီမိုကရေစီရေးအင်အားစုများအကြား စုစည်းခိုင်မာသည့်အင်အားကို တည်ဆောက်နိုင်ခြင်းမရှိသေးပေ။ ၂၀၁၀ ခုနှစ်တွင် စစ်အာဏာရှင်များက ၎င်းတို့အာဏာချုပ်ကိုင်မှုကို တရားဝင်ဖြစ်လာစေမည့် ရွေးကောက်ပွဲကိုကျင်းပရန် စနစ်တကျဖြင့် ခိုင်ခိုင်မာမာဖြင့် ပြတ်ပြတ် သားသားဖြင့် ဒီမိုကရေစီတုကို မြန်မာပြည်တွင်ထူထောင်ရန် ဆုံးဖြတ်အကောင်အထည်ဖော်နေပြီဖြစ်သည်။ သို့သော် မြန်မာ့ဒီမိုကရေစီအင်အားစုများက စစ်မှန် သည့်ဒီမိုကရေစီထွန်းကားရေးအတွက် တိုက်ပွဲဝင်နေသည်။ သို့သော် အစစ်ကိုထူထောင်လိုသောအင်အားစုများအကြား စစ်မှန်သည့်စုစည်းမှုကို မထူထောင်နိုင် သေးခြင်းက စုစည်းမှုရှိသည့် အတုအင်အားစုများကို ယှဉ်ပြိုင်ရာတွင် အမြဲတမ်းနောက်ကျနေခြင်းဖြစ်သည်ဆိုသည့်အချက်ကို ပြန်လည်သုံးသပ်ပြီး ခိုင်မာသည့် ဗျူဟာတရပ်ကို အမြန်ချမှတ်ကာ စုပေါင်းတိုက်ပွဲဝင်ရန်လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# မြန်မာ့နိုင်ငံရေး ညီညွတ်ကြရန် ရွှေကျင်ဂိုဏ်းချုပ် ဆရာတော်ကြီးက သတိပေး

**NEJ ၊ ဒီဇင်ဘာ ၃၁ ။** ။ ယနေ့မြန်မာနိုင်ငံရေးကိုကြည့်လျှင် မိမိမြန်မာနိုင်ငံ အတွက်မုန့်ပြားသလက်လေးကိုပင် ညီညီညွတ်ညွတ်တစားပွဲတည်းထိုင်ပြီး အတူမစားနိုင်သည့်အဖြစ် ရောက်နေသည်မှာ ဝမ်းနည်းစရာကောင်းသည်ဟု သက်တော် ၉၀ ကျော် မန္တလေးမြို့ရွှေကျင်သာသနာပိုင်ချုပ် ဆရာတော် ဘုရားကြီး ဦးအဂ္ဂိယက ခေတ်ပြိုင်သို့အမိန့်ရှိပါတယ်။

မြန်မာပြည်သူများအတွက် ၂၀၀၉ နှစ်ဆန်း ဩဝါဒကထာမြွက်ကြား ပါရန် ခေတ်ပြိုင်မှလျှောက်ထားရာ ဆရာတော်ဘုရားကြီး ဦးအဂ္ဂိယက ယခုကဲ့ သို့ ခေတ်ပြိုင်သို့မိန့်ကြားခြင်းဖြစ်ပါတယ်။ ပရိတ်ကြီးနိဒါန်းလာ သမဂ္ဂါ ဆိုသည့် အတိုင်း ညီညီညွတ်ညွတ်ရှိကြရန် ဆရာတော်ဘုရားကြီးက တိုက်တွန်း လိုက်ပါ တယ်။ ယင်းသို့ညီညွတ်ရေးဆုံးမခြင်းကိုပင် အချို့က နိုင်ငံရေးလုပ်သည်ဟု ဆရာ တော်ကြီးအပေါ် အထင်မှားနေကြောင်းကိုလည်း ယခုကဲ့သို့ မိန့်ကြားပါတယ်။

“ဒါကြောင့်ဘုန်းကြီးကတော့ မန္တလေးမှာ တခါတခါ ပြောပါတယ်။ တို့က ညီညွတ်ရေးပြောပေါ့ မင်းတို့အဲဒါ နိုင်ငံရေးထင်နေ ခက်တယ်ကွာလို့။ ဘယ် သူရယ်လို့မဟုတ်ဘူး။ အဲဒါတွေ တခါတခါ ထည့်ပြောဖူးတယ်။ ညီညွတ်ရေး လုပ်တယ်ဆိုတာ နိုင်ငံရေးလုပ်တာမဟုတ်ဘူး။ နိုင်ငံရေးလုပ်ရင် လူထွက်ပြီးတော့ နိုင်ငံရေးလုပ်မှာပေါ့ကွလို့။ ရုံးတွေဘာတွေထိုင်ရအောင် လုပ်မှာပေါ့ကွလို့။ လူထွက်ပြီးတော့ လည်း နိုင်ငံရေးမလုပ်ပါဘူးလို့ သင်္ကန်းဝတ်နဲ့လည်း နိုင်ငံရေး လုပ်တာမဟုတ်ဘူး ညီညွတ်ရေးပြောတာကွလို့ ညီညွတ်ရေးနဲ့ နိုင်ငံရေးနဲ့ ကွဲပြားဖို့အရေးကြီးတယ်လို့ အမေ အဖေနဲ့ သားသမီးတည့်အောင်ပြောနေတာ မင်္ဂလာတရားနဲ့ နိုင်ငံရေးတရားနဲ့ မတူဘူးကွလို့။ တို့ကတော့ ဘယ်ပါတီ ကောင်းစားပါစေ ဘယ်သူကတော့ တက်ပါစေ ဘယ်သူက ထိပ်တန်းကျပါစေလို့ မရှိဘူး၊ တို့ကတော့ မျှတတယ်ကွလို့” ဟု ဆရာတော်ကြီးက မိန့်ကြားပါတယ်။

သို့သော် မြန်မာ့နိုင်ငံရေးမှာ စစ်အုပ်စုနှင့် အတိုက်အခံ ယခုထိ ညီညွတ် ပုံမရဟု ဆရာတော်ကြီးက ယူဆပါတယ်။ စားပွဲထိုင်ပြီးမဆွေးနွေးနိုင်ဖြစ်နေသည့် မြန်မာ့နိုင်ငံရေးအခြေအနေကို ရည်ညွှန်းပြီး “အကုန်လုံးညီညီညွတ်ညွတ်နဲ့ စားပွဲ ကြီးတခုပေါ်မှာ နှစ်ဘက်က တက်ရင် ဟိုဘက် ၄ ယောက် ဒီဘက်က ၄ ယောက် လက်ဖက်ရည်သောက်နေတာ ပေါင်မုန့်အတူစားနေတာ တို့ကကြိုက်တာပါ။ မုန့်ပြားသလက်အတူတူစားနေတာ ကြိုက်တာပါ။ ခုတော့ ကိုယ့်နိုင်ငံကထွက်တဲ့ မုန့်ပြားသလက်လေးကိုလူ ၈ ယောက် ၉ ယောက် မစားနိုင်တဲ့အဖြစ် ရောက် နေရတာ ဝမ်းနည်းတာပါကွလို့ ကိုယ့်နိုင်ငံကထွက်တဲ့ မုန့်ပြားသလက်လေးကို စားကြည့်စမ်းပါ၊ ညီညီညွတ်ညွတ်နဲ့အချင်းချင်းကွာ” ဟုတိုက်တွန်းလိုက်ပါတယ်။

မန္တလေးမြို့ ဘုန်းကြီးကျောင်းများမှ လိုင်စင်မဲ့ကားများ သိမ်းသည့်အချိန် တွင် ရွှေကျင်သာသနာပိုင်ချုပ် ဆရာတော်ကြီးဦးအဂ္ဂိယကျောင်းမှ ကားများကို လည်း စစ်အုပ်စုသိမ်းယူထားရာ ယခုထိ ပြန်မပေးသေးကြောင်း ဆရာတော်က အမိန့်ရှိပါတယ်။ နိုင်ငံခြားရေဒီယိုအချို့နှင့် ဆရာတော်ကြီးတချိန်က မေးမြန်း လျှောက်ထားချက်အချို့နှင့် ပတ်သက်ပြီး စစ်အုပ်စုကို ပုတ်ခတ်သည်ဟု အစွပ်စွဲ ခံရမှုများနှင့် ပတ်သက်၍လည်း “မင်းကို တို့က ပုတ်ခတ်တာမဟုတ်ဘူး။ အစိုးရ ကို ပုတ်ခတ်တာမဟုတ်ပါဘူး။ အစိုးရကို တို့က မြှင့်တင်တာပါ။ အစိုးရကို တို့က ဂုဏ်ပြုတာပါ။ ကံနဲ့တောင်တူတဲ့မင်း မင်းနဲ့တူတဲ့ကံ ကံမင်းပြုက ခံရရှာသည်။ အဲတော့ ကံက မင်းနဲ့တူလိုက် ဆရာနဲ့တူလိုက် အဖေနဲ့တူလိုက် အမေနဲ့တူ လိုက် ဘာနဲ့တူလိုက် ညာနဲ့တူလိုက်နဲ့ ဒီလိုဆိုရင် ကံကဘယ်ကစဖြစ်တာလဲ။ ကံဘယ်က စပေါ်တာလဲ။ ကံမင်းပြုတာ ခံရရှာသည်။ ကံဟာဘယ်ကဖြစ်ကုန်ကြ ဟု တွေးဆသောခါ ကံဖြစ်ရာသည် ကိုယ်သာပြုသည့်အမှုတည်း−−တဲ့။” ဟု ဆရာတော်ကရှင်းပြပါတယ်။

# ဆန္ဒပြသူ အဖွဲ့ချုပ်လူငယ် ၉ ဦး ပြည်သူ့လွှတ်တော်ရှေ့အရောက်တွင် အဖမ်းခံရ

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ ဥပဒေမဲ့ မတရားဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်တွေချမှတ်နေတဲ့ကြားက သတ္တိပြောင်မြောက်လှတဲ့ လူငယ်တစုဟာ ရန်ကုန်မြို့မှာ ဒီနေ့ဆန္ဒပြခဲ့ကြလို့ ဆန္ဒပြသူအားလုံး အဖမ်းဆီးခံလိုက်ရပါတယ်။

ဒီနေ့ နေ့လည် ၃ နာရီလောက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးက ပြည်သူနဲ့လွှတ်လပ်ရေး ဟောပြောပွဲအပြီးမှာ အဖွဲ့ချုပ်လူငယ် ၉ ဦးဟာ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ပါစေဆိုတဲ့စာတမ်းကို ကိုင်ဆောင်ပြီး မြေနီကုန်းဘက် တန်းစီလမ်းလျှောက်ဆန္ဒပြရာ ပြည်သူ့လွှတ်တော်ရှေ့အရောက်မှာ အဖမ်းခံခဲ့ရတာဖြစ်ပါတယ်။ ဒီနေ့ဆန္ဒပြသူတွေရဲ့ အဖမ်းခံလိုက်ရတဲ့ အခြေအနေတွေကို မျက်မြင်တွေ့ရှိခဲ့တဲ့ အဖွဲ့ချုပ်လူငယ်တဦး ဒီဗွီဘီကို စတင်ပြောပါတယ်။

"သူတို့ကတော့ ပိတ်အဖြူပေါ်မှာ Free Daw Aung San Suu Kyi) ဆိုပြီးစာရွက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံပါတဲ့ ဓာတ်ပုံတွေ ဘေးနှစ်ဖက်မှာ ကပ်ထားတယ်ပေ့ါ။ အဲ့ဒါတွေကို ကိုင်ပြီး ၉ ယောက် လျှောက်သွားကြတယ်။ အန်အယ်လ်ဒီရုံးရှေ့ကနေ လျှောက်သွားကြတာပဲ မြေနီကုန်းကနေ ပြည်လမ်းကိုဖြတ်တက်တယ်။ ပြည်လမ်းကို တက်သွားပြီးတော့ ပြည်သူ့လွှတ်တော်ရှေ့ရောက်တော့ အမည်မသိတဲ့ လူတွေက အရပ်ဝတ်တွေနဲ့ 'ဖမ်း'၊ 'ဖမ်း'၊ 'ဖမ်း' ဆိုပြီးတော့အော်တယ်။ အဲ့ဒီအချိန်မှာ ရဲကားတစ်စီးရောက်လာတယ်။ 'ဟော့ကောင်တွေ အကုန်ဖမ်း၊ အကုန်ဖမ်း' ဆိုပြီး ဆွဲလားရမ်းလား ရိုက်ကြ နှက်ကြနဲ့ ဆွဲတင်သွားတယ်ခင်ဗျ။"

သူတို့ရိုက်နှက်ပြီးဖမ်းသွားတာ တော်တော်အခြေနေဆိုးလား ...

"အခြေအနေက တော်တော်ဆိုးတယ်၊ ဆိုးဆိုးဝါးဝါးပဲ။ 'ဖမ်း'၊ 'ဖမ်း'၊ 'ဖမ်း' ဆိုပြီးတော့ ညာသံပေးပြီး အော်ကြတယ်။ အဲဒီအချိန်မှာပဲ အကုန်လုံးကဝင်ပြီး ဆွဲလား ရမ်းလားနဲ့ လူတွေ လုံးသွားကြတယ်။ လူတွေလုံးတဲ့ အချိန်မှာပဲ ရဲကားက ရပ်ပြီးတော့ ရဲကားပေါ်က လူတွေဆင်းပြီး တုတ်တွေနဲ့ ပြေးပြီးရိုက်တဲ့လူက ရိုက်၊ ညာသံတွေပေးပြီး ရိုက်နေကြတာ။ ကျနော်လည်း ဘေးကနေ နည်းနည်းဖြတ်သွားပြီး ကြည့်ရုံပဲကြည့်ခဲ့ရတာပေ့ါ။"

ဒီလိုဆိုတော့ သူတို့အခြေအနေက စိုးရိမ်ရတဲ့အနေအထားရှိလား...

"စိုးရိမ်ရတယ်။ မြင်တွေ့လိုက်ရတဲ့သူ တယောက်အနေနဲ့ စိုးရိမ်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရပ်ဝတ်တွေနဲ့ လူတွေက ဘယ်သူတွေလဲ မသိဘူး။ အဲဒီမှာ ရိုက်ရိုက်၊ ဖမ်းဖမ်း ဆိုပြီးအော်ကြတယ်၊ မလွှတ်စေနဲ့ဆိုပြီး အော်ကြ တယ်။ အဲ့ဒီအချိန်မှာပဲ ရဲကားက ဘေးကရပ်လာပြီးတော့ ရဲတွေက တုတ်တွေနဲ့၊ ဒေါသတကြီးဖြစ်နေတဲ့ ပုံစံမျိုးနဲ့ ပြေးဝင်သွားကြတာတွေ တွေ့ရတာပဲ ခင်ဗျ။"

ဟုတ်ကဲ့၊ အဲဒီ ၉ ဦးထဲမှာ အမျိုးသမီး ဘယ်နှစ်ယောက်ပါလဲ...

"အမျိုးသမီးက ၁ ယောက်ပဲပါတယ်ခင်ဗျ မထက်ထက်ဦးဝေ ရွှေပြည်သာကပါ။"

ဆိုတော့ ကျန်တဲ့ ၈ ယောက်က ရော၊ ဘယ်သူတွေလဲ...

"ကျန်တဲ့ ၈ ယောက်က ကိုထွန်းထွန်းဝင်း၊ စမ်းချောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံပါ။ နောက်ပြီးတော့ ကိုထွန်းလင်း စမ်းချောင်းလူငယ်ပဲ။ နောက် ကိုပြည့်ပြည့်ဆိုတာက စမ်းချောင်း အန်အယ်လ်ဒီအဖွဲ့ဝင်လူငယ်။ ဒါပေမဲ့သူက ဒဂုံ တက္ကသိုလ်ကျောင်းသား၊ ပထမနှစ် ဥပဒေကျောင်းသားတယောက်ဖြစ်တယ်။ နောက်ပြီးတော့ အောင်ဖြိုးဝေ၊ စမ်းချောင်းက လူငယ်တယောက်ပဲ။ နောက်ပြီးတော့ ကောင်းထက်လှိုင် စမ်းချောင်းလူငယ်တယောက်ပဲ။ သက်မောင်ထွန်းကလည်း စမ်းချောင်းက လူငယ်တယောက်ပဲ၊ နောက်ပြီးတော့ ကိုဝင်းမြင့်မောင် (ခေါ်) ပဲပြုပ်က ခရမ်းကလူငယ် အန်အယ်လ်ဒီလူငယ်တယောက်ပဲ။ ပြီးတော့ ကိုမင်းသိန်း သာကေတက အမျိုးသားအောင်ပွဲနေ့က ဆန္ဒပြတဲ့ သာကေတက တယောက်။"

သူတို့ကို ဘယ်ကိုဖမ်းသွားလဲဆိုတာ သိရလားရှင့်...

"တုတ်တွေနဲ့ ရိုက်လားနှက်လားနဲ့။ ဘယ်ကိုဖမ်းသွားလည်း ကျနော်လည်း မသိသေးဘူး။"

သူတို့အဲလိုမျိုးဆန္ဒပြသွားတဲ့အချိန်မှာ ဘေးပတ်ဝန်းကျင်က ပြည်သူရဲ့အနေအထားက ဘယ်လိုမျိုး ရှိပါသလဲ...

"ဘေးပတ်ဝန်းကျင်က အဲဒီနားကတော့ ပြည်သူတွေ နည်းနည်းတော့ ရှင်းတာပေ့ါ။ ကားပေါ်ကနေပဲ ဝိုင်းကြည့်သွားကြတယ်၊ တချို့ကားပေါ်က လူတွေလည်း အထိတ်တလန့် ဖြစ်သွားကြတာပေ့ါ။ တချို့ကားပေါ်တွေက ပစ်လိမ့်မယ်၊ ဘာညာနဲ့ အဲလိုတောင် ပြောကြသေးတယ်။ ရဲတွေကလည်း အထိတ်တလန့်နဲ့ အကုန်ဖမ်း၊ တုတ်တွေ၊ ဘာတွေနဲ့ ဆွဲလားရမ်းလား လုပ်ကြတယ်။"

သူတို့ဒီဆန္ဒပြတာ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး လမ်းလျှောက်သွားတာလား...

"သူတို့ပါးစပ်ကတော့ ဘာမှမပြောဘူး။ ပင်နီတိုက်ပုံတွေနဲ့။ တချို့ကလည်း စပယ်ပန်းအဖြူလေး ရင်ဘတ်မှာ ထိုးထားကြတယ်ပေ့ါ။"

သူတို့ဆန္ဒပြတာကိုမြင်တယ်၊ အနားကနေ လိုက်ကြည့်ခဲ့တယ်ဆိုတော့ သူတို့ဘာကြောင့် ဆန္ဒပြလည်းဆိုတာ တခုခုသိခဲ့ရလားရှင့်၊ သူတို့ဆန္ဒပြတဲ့ ရည်ရွယ်ချက်ကိုပေ့ါ...

"သူတို့ ဘာမှလည်း မပြောဘူး Free Daw Aung San Suu Kyi ဆိုတဲ့ ဆိုင်းဘုတ်ကို ကိုင်သွားတယ်။ ဒီအတိုင်းပဲ အေးအေးချမ်းချမ်း လမ်းလျှောက်သွားကြတာပဲ။"

အဖွဲ့ချုပ်ဝင်တဦးအနေနဲ့ ဒီလိုလိုမျိုး ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြတဲ့ ၉ ယောက်ကို အဲလိုမျိုး ရိုက်နှက်ပြီး အဖမ်းခံရတဲ့ အနေအထားမှာ ဘယ်လိုမျိုး ခံစားချက် ဖြစ်မိလဲ...

"စိတ်တော့မကောင်းဘူး။ အဖွဲ့ချုပ်အဖွဲ့ဝင် တယောက်အနေနဲ့ဆို ကိုယ့်ရဲဘော်တွေ ဒီလိုဖြစ်သွားတာ စိတ်မကောင်းဘူး။ တိုင်းသူပြည်သားတယောက်၊ နိုင်ငံသား တယောက်အနေနဲ့ဆို တော်တော်ရှက်မိတယ်ပေ့ါ။ ငါတို့ တိုင်းပြည်မှာ ဒီလိုလွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်တောင်မရှိတော့ဘူးလား၊ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နေတယ်ဆိုပြီး လွှတ်လွှတ်လပ်လပ်ဆန္ဒဖေါ်ထုတ်ရင် ဒီလိုပဲရိုက်ကြ၊ နှက်ကြလားဆိုတဲ့ အတွေးတွေ ပြည်သူ့ခေါင်းထဲကို ဝင်သွားမှာ စိုးရိမ်ရတယ်။ နောက်ပြီးတော့ ကျနော်တို့ လူ့အဖွဲ့အစည်း ကျနော်တို့တိုင်းသူပြည်သားတွေ ဒီလိုပဲ အားနည်းတဲ့လူကို အင်အားကြီးတဲ့လူတွေက အကြမ်းဖက်တတ်ပါလားဆိုတာ နှလုံးသားထဲမှာ စွဲကပ်သွားမှာစိုးရိမ်ရတယ်။ အဲဒါကြောင့် ကျနော် ဗမာနိုင်ငံသားတယောက်အနေနဲ့ ရှက်လည်းရှက်မိတယ်။"

---

## ဝန်ထမ်းများထံမှ အဓမ္မကောက်ခံငွေ ပြန်ပေး

**NEJ ၊ ဒီဇင်ဘာ ၃၁ ။** ။ နေပြည်တော် အမှတ် ၁ စက်မှုဝန်ကြီးဌာန လက်အောက်ခံအရာထမ်း အမှုထမ်းများထံမှ လစဉ် အဓမ္မကောက်ယူခဲ့သည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြေးငွေများကို ဝန်ကြီးဦးအောင်သောင်းက ရုတ်တရက်အားလုံးပြန်ပေးသဖြင့် ဝန်ထမ်းများအံ့သြနေကြသည်ဟု စုံစမ်းသိရပါတယ်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြေးငွေများကို လစဉ် ကျပ် ၃၀၀ ပေးရမည်ဆိုပြီး အဓမ္မကောက်ခံခဲ့သည့်အပြင် မှန်မှန်ပေးပါမည်ဆိုပြီး ဝန်ထမ်းများက လက်မှတ်ထိုးပေးခဲ့ရသဖြင့် ဝန်ထမ်းအများစု မကျေမနပ်ဖြစ်ခဲ့သည်ဟု ဝန်ထမ်းတဦးက ပြောပါတယ်။ ဒီဇင်ဘာလဆန်းပိုင်းက အဆိုပါကောက်ခံငွေများကို ဝန်ကြီးဦးအောင်သောင်းက ရုတ်တရက်အားလုံးပြန်ပေးသဖြင့် ရွေးကောက်ပွဲအတွက် စည်းရုံးရေးလုပ်သည့်သဘောလားဟု ဝန်ထမ်းများအကြား ပြောဆိုနေကြပါတယ်။

# ရွေးကောက်ပွဲနဲ့ဒီမိုကရေစီ

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်

အဂတိလိုက်စားမှုနဲ့ မဲလိမ်မှုတွေများလွန်းတဲ့Bengladesh မှာ ဒေ သခံ ၂ သိန်းနဲ့ လေ့လာသူနိုင်ငံခြားသား ၂၅၀၀ က လွန်ခဲ့တဲ့တနင်္လာနေ့က ကျင်းပတဲ့ရွေးကောက်ပွဲမှာ ကူညီကြတယ်။ စစ်သား ၅ သောင်းနဲ့ ရဲသား ၆ သိန်းကလည်း လုံခြုံရေးတာဝန်ယူကြတယ်။ မဲဆန္ဒရှင်စာရင်းက နာမည်အတု ၁၁ သန်းကျော်ကိုပယ်ဖျက်နိုင်ခဲ့တယ်လို့ သိရတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲကို မရိုးသားဘူးလို့ အရေးနိမ့်သွားတဲ့Khalida Zia ပြောနေတာမို့ ကန့်ကွက် ဆန္ဒပြ သပိတ်မှောက်ဦးမလားလို့ စိုးရိမ်နေရပါတယ်။

ရွေးကောက်ပွဲကျင်းပပြီး ရှုံးသူက ရွေးကောက်ပွဲရလဒ်ကိုလက်မခံနိုင်တာဟာ Bengladesh ဒီမိုကရေစီရဲ့ ထင်ရှားတဲ့အသွင်လက္ခဏာတခုလိုဖြစ်နေပါတယ်။ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ Bengladesh အမျိုးသားပါတီခေါင်းဆောင် Khaleda Zia နဲ့ Awami League ခေါင်းဆောင် Sheikh Hasina တို့ဟာ နိုင်ငံရေးအာဃာတကြီးမားတဲ့အတွက် ရွေးကောက်ပွဲရဲ့အဆုံးအဖြတ်ကိုလက်မခံနိုင်ဘဲ သပိတ်မှောက်တဲ့အစဉ်အလာရှိပါတယ်။ နောက်တော့ အကြမ်းဖက်လာကြတဲ့အတွက် စစ်တပ်ကဝင်ထိန်းရတာမျိုးတွေရှိပါတယ်။ ဒါကြောင့် ၂၀၀၁ ရွေးကောက်ပွဲမတိုင်မီမှာ အမေရိကန်သမတဟောင်း Jimmy Carter ကိုယ်တိုင် Bengladesh ကိုသွားရောက်ပြီး စေ့စပ်ဖျန်ဖြေပေးတဲ့အတွက် ခေါင်းဆောင် ၂ ဦးစလုံးက ရွေးကောက်ပွဲရလဒ်ကိုလက်ခံမယ်လို့ ကတိပေးပါတယ်။ သပိတ်မှောက်ပြီး နိုင်ငံရေးအကြမ်းဖက်တာမျိုးကိုလည်း ရှောင်ကြဉ်ပါ့မယ်လို့ ကတိပေးကြပါတယ်။

ဒါပေမဲ့ ၂၀၀၁ October ရွေးကောက်ပွဲမှာ Khaleda Zia ရဲ့ပါတီ အနိုင်ရပြီး အစိုးရဖွဲ့တော့ Sheikh Hasina ကလက်မခံဘဲ ပါလီမန်လွှတ်တော်ကို သပိတ်မှောက်ပါတော့တယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲပါ လို့ ကြီးကြပ်သူနဲ့ လေ့လာသူတွေကပြောပေမယ့် မဲရှုံးတာကိုလက်မခံနိုင်တဲ့ အတွက် Sheikh Hasina တို့ဘက်က ကပျက်ယပျက်လုပ်တာပါပဲ။ Khaleda Zia ငါးနှစ်သက်တမ်းကုန်လို့ ဥပဒေအရ တရားသူကြီးဟောင်းဦးဆောင်တဲ့ ကြားဖြတ်အစိုးရဖွဲ့ပေးတာကို Sheikh Hasina တို့ဘက်ကလက်မခံနိုင်ဘဲ တပြည်လုံးမှာသပိတ်မှောက်ပြီး အကြမ်းဖက်ကြလို့ စစ်တပ်အကူအညီနဲ့ ကြားဖြတ်အစိုးရက ၂ နှစ်အုပ်ချုပ်ရတဲ့အဖြစ်ကို ရောက်ရှိသွားတာပါပဲ။

အခုတခါ Sheikh Hasina ရွေးကောက်ပွဲအပြတ်အသတ်နိုင်တာကို ပြိုင်ဘက် Khaleda Zia ကလက်မခံနိုင်ဘဲ မဲလိမ်တယ်လို့ပြောတာဟာ ဒီမိုကရေစီအတွက် အလားအလာမကောင်းပါဘူး။ ရှုံးသူက အမတ်ဦးရေ ၉ ရာခိုင်နှုန်း၊ နိုင်သူက ၇၆ ရာခိုင်နှုန်းရပြီး တရားမျှတပြီး လွတ်လပ်မှုရှိတဲ့ရွေးကောက်ပွဲပါလို့ စောင့်ကြည့်သူတွေကပြောနေတာတောင် Khaleda Zia ဟာ အရှုံးကိုရင်ဆိုင်ဘို့ ခက်ခဲနေပုံရတယ်။ ၂၀၀၁ ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ပါတီကို ထောက်ခံသူနည်းသွားတာ Khaleda Zia အဖို့ မယုံကြည်စရာဖြစ်နေပါတယ်။ အမေရိကန်မှာလို နိုင်သူကို ရှုံးသူကချီးကျူးတာမျိုးကတော့ ဝေးပါသေးတယ်။

ဒီဇင်ဘာ ၂၂ ရက်ကတည်းကရောက်နေကြတဲ့ ရွေးကောက်ပွဲလေ့လာသူ ၂၅၀၀ ကလည်း ရွေးကောက်ပွဲဟာ တရားမျှတပြီး မှန်ကန်ကြောင်းပြောကြတယ်။ မှန်မှန်ကန်ကန်လုပ်တဲ့ရွေးကောက်ပွဲဖြစ်ကြောင်း ဥရောပလေ့လာရေးအဖွဲ့ခေါင်းဆောင် Alexander Lambsdorff ကပြောတယ်။ ခနသဟာယလေ့လာရေးအဖွဲ့ခေါင်းဆောင် Cassam Uteem ကလည်း ယုံကြည်ရတဲ့ရွေးကောက်ပွဲလို့ဆိုတယ်။

ဒါကို Khaleda Zia က လက်မခံနိုင်ဘူး။ ရက်အနည်းငယ်အတွင်း Sheikh Hasina အစိုးရဖွဲ့ရင် ဆန္ဒပြအကြမ်းဖက်တာမျိုး လုပ်လာမလားမသိဘူး။ ရွေးကောက်တင်မြှောက်ထားတဲ့အစိုးရကို ဆင်းပေးဘို့ လူအုပ်ကြီးနဲ့ ဆန္ဒပြလို့ မတည်မငြိမ်ဖြစ်လာရင် စစ်တပ်ကဝင်လာပြီး နရင်းအုပ်တော့မှာ သေချာတယ်။ Khaleda Zia ဟာ အစ္စလာမ်ဘာသာရေးပါတီ ၄ ပါတီနဲ့လက်တွဲပြီး စည်းရုံးရေးဆင်းတဲ့အတွက် လူထုကမထောက်ခံတော့တာလို့ သုံးသပ်ကြတယ်။ အိမ်စောင့်အစိုးရလက်ထက်မှာ သူတို့နှစ်ဦးစလုံးအဖမ်းခံရတာကိုကြည့်ဘယ်လောက်သိက္ခာကျနေတယ်ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။

ထိုင်းနိုင်ငံမှာလည်း ရွေးကောက်ပွဲနိုင်တဲ့အစိုးရကို အတိုက်အခံကလက်မခံနိုင်ဘဲ ဆန္ဒပြကန့်ကွက်တဲ့အတွက် ဒီမိုကရေစီစနစ်ရှင်သန်ဘို့ ခက်ခဲနေ တယ်။ ဒုတိယအကြိမ် ရွေးကောက်ပွဲနိုင်တဲ့ ထတ်စင်အစိုးရကိုလက်မခံနိုင်လို့ အတိုက်အခံတွေ ဆန္ဒပြကန့်ကွက်တဲ့အတွက် ၂၀၀၆ ခုနှစ်က စစ်အာသိမ်းလိုက်ရပါတယ်။ ၂၀၀၇ ရွေးကောက်ပွဲမှာ ထတ်စင်အုပ်စုကပဲ တတိယအကြိမ် ဆက်တိုက်အနိုင်ရတော့လည်း အတိုက်အခံတွေက ထွက်ပေးဘို့တောင်းဆိုပြီး လေဆိပ်ကိုသိမ်းပိုက်တယ်။ အဲဒီတော့ အစိုးရကိုတရားမဝင်ကြောင်း တရားရုံးက ကြေညာပြီး ဖျက်သိမ်းပေးရတယ်။ ရွေးကောက်ပွဲကျင်းပပြီး တနှစ်နီးပါးကြာ တော့မှ မဲဝယ်မှုနဲ့အပြစ်ရှာပြီး တရားရုံးက တရားဝင်အစိုးရကို ဖြုတ်ချလိုက် တာပါပဲ။

ရွေးကောက်ပွဲမှာမဲဝယ်တာဟာ ထိုင်းဒီမိုကရေစီဓလေ့လိုဖြစ်နေတာ အနှစ် ၃၀ လောက်ရှိပြီ။ ဒီဓလေ့ဟာ အနည်းနဲ့အများ ရှိနေတုန်းပဲ။ ဒီလိုအခြေအနေမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့အဆုံးအဖြတ်ကို လက်ခံဘို့သာရှိပါတယ်။ ရွေးကောက်ပွဲကျင်းပတုန်းက မဲဝယ်မှုကြောင့် အပယ်ခံရသူ ၈၀ ကျော်သာရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ကအတည်ပြုတာကို လက်ခံလို့သာ အစိုးရဖွဲ့နိုင်တာပေ့ါ။

အဲဒီတုန်းက ထိုင်းတရားရုံးက ဘာမှမပြောဘဲ တနှစ်နီးပါးကြာတော့ မှ မဲလိမ်မှုနဲ့ အစိုးရကိုရော နိုင်ငံရေးပါတီကိုပါဖျက်သိမ်းတာဟာ ဒီမိုကရေစီ စနစ်ကို ပျက်ရယ်ပြုရာရောက်တယ်။ ဒါကြောင့် အခုတော့ ထတ်စင်အုပ်စုဟာ လမ်းပေါ်မှာဆန္ဒပြပြီး ရွေးကောက်ပွဲကျင်းပဘို့ တောင်းဆိုနေကြပြီ။ ထိုင်းနဲ့ Bengladesh မှာ စာနယ်ဇင်းလွတ်လပ်မှု အထိုက်အလျောက်ရှိပြီး ဒီမိုကရေစီအစဉ်အလာရှိတာတောင် ရွေးကောက်ပွဲနိုင်တဲ့နိုင်ငံရေးပါတီကို အသိအမှတ်ပြုဘို့ အခက်အခဲရှိနေတာတွေ့ရတယ်။

ဗမာပြည်မှာတော့ ၁၉၉၀ ရွေးကောက်ပွဲကို အသိအမှတ်မပြုတဲ့စစ်အစိုးရဟာ မိမိစိတ်ကြိုက်ရွေးကောက်ပွဲကျင်းပနိုင်အောင် စီစဉ်နေတယ်။ ၁၉၉၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲလို့သတ်မှတ်ကြပေမယ့် စစ်အစိုးရကဆင်းမပေးတော့ ဘာမှမတတ်နိုင်ဘူး။ ရွေးကောက်ပွဲကို မှန်ကန်စွာကျင်းပလိုတယ်ဆိုရင် Bengladesh ရွေးကောက်ပွဲမှာလို ပြည်တွင်းပြည်ပက ကြီးကြပ်သူနဲ့ လေ့လာသူအများအပြားကို လက်ခံရပါလိမ့်မယ်။

ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ကိစ္စကို ပွင့်ပွင့်လင်းလင်း သိသာမြင်သာအောင်လုပ်ရပါလိမ့်မယ်။ တရားမျှတပြီး လွတ်လပ်တဲ့ရွေးကောက်ပွဲ ဘယ်လိုကျင်းပရမယ်ဆိုတာကို နားလည်တဲ့အဖွဲ့အစည်းတွေ ကမ္ဘာမှာ အများကြီးရှိတယ်။ သူတို့နဲ့တွဲလုပ်ရင်တော့ မြန်မာ့ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ နိုင်ငံတကာအမြင်လည်း ပြောင်းလဲလာဖွယ်ရှိတယ်။

ဒါပေမဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဗမာစစ်အစိုးရက ရှင်းပြတာမျိုးတွေ မလုပ်သေးဘူး။ ကြံ့ဖွတ်ကပဲ နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းတော့မလိုလို ကြားနေရတာပဲရှိတယ်။ တကယ်တော့ သန်းရွှေ/မောင်အေးအုပ်စုဟာ ရွေးကောက်ပွဲဝင်ဘို့မပြောနဲ့ စစ်ယူနီဖောင်းတောင် မချွတ်ရဲသေးပါဘူး။ ယူနီဖောင်းချွတ်လိုက်တာနဲ့ နောက်ကျောကိုဓါးထိုးခံရမှာ ကြောက်ကြပုံရတယ်လေ။

# နာဂစ်မုန်တိုင်းအလွန် ဒုက္ခသည်များ သောက်သုံးရေ ရှားပါးမှုစတင်ကြုံတွေ့ရ

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရတဲ့ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွေမှာ ခြောက်သွေ့ရာသီရောက်ရှိလာပြီ ဖြစ်တဲ့အတွက် သောက်သုံးရေရှားပါးမှုပြဿနာတွေ ရင်ဆိုင်နေရပါတယ်။

မုန်တိုင်းအတွင်း ပျက်စီးခဲ့တဲ့ သောက်သုံးရေကန်တွေကို အခုချိန်အထိ ဆယ်ယူခြင်း မရှိသေးတဲ့အတွက် ရေရှားပါးမှု ပြဿနာတွေ ရင်ဆိုင်နေရတာလို့ ဒေခံတွေက ပြောပါတယ်။ မုန်တိုင်းအတွင်းက သောက်သုံးရေကန်တွေမှာ ဆားငန်ရေနဲ့ နွံတွေအပါအဝင် သေကြေပျက်စီးခဲ့တဲ့ လူနဲ့တိရစ္ဆာန်အလောင်းတွေဝင်ရောက်ခဲ့တဲ့အတွက် ပျက်စီးခဲ့ရတာပါ၊ သောက်သုံးရေကန်တွေ အသုံးပြုလို့မရသေးတဲ့ အခြေအနေကို ဟိုင်းကြီးကျွန်းမြို့နယ် သတ္တုယ်သောင် ကျေးရွာအုပ်စုက ဒေသခံတဦးက ပြောပါတယ်။

"သောက်ရေကန်တွေက အနေအထားက သူတို့စစ်တဲ့အဖွဲ့က ကန်ရေစိမ်းသောက်လို့ကတော့ အန္တရာယ်ရှိတာပေ့ါနော်။ ဒီအတိုင်း အစိမ်းမသောက်ဘဲ ကျိုချက်သောက်ခိုင်းတယ်။ အခုက ရေမခမ်းသေးတော့ အဆင်ပြေနေသေးတာပေ့ါ။"

ရေကိုကျိုချက်သောက်သုံးမှုတွေနဲ့ ပတ်သက်ပြီးတော့ ဒေသခံရဲ့ ကျန်းမာရေးအတွက် စိုးရိမ်စရာရှိတယ်လို့ လပွတ္တာမြို့ခံတဦးက ပြောပါတယ်။

"တချို့ရွာသားတွေ ပြောတာကတော့ ကျိုလိုက်လို့ရှိရင် ငန်သွားတယ်။ အချို့ဒီရွာတွေက ဒီအတိုင်းပဲသောက်နေကြတယ်၊ အဲဒီ နောက်ဆက်တွဲကတော့ ဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်တာပေ့ါ။ ကျန်းမာရေးစောင့်ရှောက်မှုမှာ အဓိကကတော့ အင်န်ဂျီအိုတွေက ဆရာဝန်တွေနဲ့ မနက်ထွက်သွားလိုက်၊ ညနေပြန်လာလိုက်နဲ့ရွာတွေမှာ သုံးလေးရက်နေတယ်။ ဦးစီးတာကတော့ ဆရာဝန်ကြီးတွေပေ့ါ။ သူတို့နဲ့အတူ တခါမှမရောက်သေးတဲ့ ဆရာဝန်လေးတွေ လိုက်လာပြီး တရွာဝင်တရွာထွက် လိုက်ကုပေးနေပါတယ်။"

သောက်သုံးရေရှားပါးမှုကြောင့် ရေချိုရှိရာ အထက်ပိုင်းတွေမှာ စက်လှေတွေနဲ့ ရေသယ်နေကြရပုံကို သူကပြောပါတယ်။

"အခု တော်တော်အခြေအနေဆိုးနေတယ်၊ UNDP တို့ဘာတို့ကလည်း ရေရှားတဲ့ ပြဿနာရှိလို့ အင်န်ဂျီအိုတွေကလည်း အထက်ဘက်က မြစ်ရေတွေ၊ ရေချိုဘက်ကရေတွေ သယ်ပြီးတော့ ပို့နေတယ်။ နောက်တခုကြည့်ရမယ်ဆိုရင် ရေပြဿနာတော့ပေါ်တော့မှာပဲ လက်ကျန်တွေကျန်နေလို့ဖြစ်မယ် မိုးရေလက်ကျန် ကျန်တယ်။ ဒီကတော့ (–) မော်တော်ဆို မော်တော်ဝမ်းထဲဖြတ်သယ်တင်တာပေ့ါ သတိထားပြီးလုပ်နေတာ။ အာဏာပိုင်လည်း သူတို့သိနေတယ်၊ သူတို့လည်း ဘယ်လိုလုပ်မလဲ မသိသေးဘူး၊ အခုထိတော့ အသံတော့မကြားသေး ဘူး။ ရေသန့်စက်ကတော်တော်နည်းသေးတယ်။ အခုပုံစံကတော့ အထက်ဘယ်လောက်သွားမလဲ။ လပွတ္တာတာအထက် မြောင်းမြဘက် နယ်တွေမှာ ရေချိုတွေ၊ မြစ်ရေတွေရှိတယ်မဟုတ်လား။ ရေတွေကို သင်္ဘောနဲ့သယ်ပြီးတော့ ဒီကိုလွှတ်မှာ ဒီရောက်တော့မှ ပိုးသတ်ဆေးခတ်ပြီးတော့ သူတို့လုပ်ရင်လုပ်မှာပေ့ါ။"

စက်လှေတွေနဲ့ ရေသယ်ယူတဲ့အခါမျိုးတွေမှာလည်း အာဏာပိုင်တွေရဲ့ စောင့်ကြည့် မှုတွေရှိပေမယ့် ဘာမှဖြေရှင်းမပေးဘူးလို့ ဆိုပါတယ်။ သောက်သုံးရေကို ဝေးလံတဲ့နေရာတွေက သယ်ယူနေကြရတဲ့အတွက် စက်သုံးဆီ ဈေးနှုန်းကြီးမြင့်မှုတွေရှိနေတာကြောင့် ရေရှည်သယ်ယူဖို့ အခက်အခဲတွေ အများကြီး

**စာမျက်နှာ ၈ သို့**

# ဦးဝင်းတင်ကို နှောင့်ယှက်မှုတွေတိုးလာ

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးဝင်းတင် လွတ်လွတ်လပ်လပ် ခရီးသွားလာတာကို အာဏာပိုင်တွေက နှောင့်ယှက်မှုတွေ တိုးမြှင့်လုပ်ဆောင်နေပါတယ်။

လွန်ခဲ့တဲ့ နှစ်ရက်ခန့်က ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် နယ်မြေခံ အာဏာပိုင်တွေက ဦးဝင်းတင်တို့ လမ်းထိပ်က တက္ကစီကားဂိတ်ကို လာပြီး ဦးဝင်းတင် ငှားစီးရင် လိုက်မပို့ဖို့၊ လိုက်ပို့တဲ့ကားသမားကို ပုဒ်မနှစ်ခုနဲ့ တရားစွဲမယ်လို့ လာရောက် ခြိမ်းခြောက်တယ်လို့ အမည်၊ အသံမဖော်လိုတဲ့ တက္ကစီအငှားယာဉ်မောင်းတချို့က ပြောပါတယ်။ အဲဒီတက္ကစီအငှားယာဉ်ဂိတ်ဟာ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်၊ မာလာမြိုင် လမ်းထိပ်မှာ ည်ရှိပါတယ်။ ပုံမှန်အားဖြင့် ဦးဝင်းတင်ဟာ သူ့မိတ်ဆွေရဲ့ကားနဲ့ သွားလာလေ့ရှိပြီး တခါတရံမှသာ အငှားယာဉ် စီးလေ့ရှိပါတယ်။

ဦးဝင်းတင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ရာမှာ ပါဝင်ခဲ့သူဖြစ်ပြီး ထောင်ဒဏ် နှစ်နှစ်ဆယ်နီးပါး ကျခံခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း တယောက်ဖြစ်ပါတယ်။ အခုအခါ အသက် ၈၀ ဝန်းကျင်ဖြစ်တဲ့ ဦးဝင်းတင်ဟာ လွန်ခဲ့တဲ့လအနည်းငယ်က ပြန်လွတ်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ယူထားပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ ဦးဝင်းတင်က နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေကိုလိုက်လံတွေ့ဆုံအားပေးမှုတွေ ပြုလုပ်ရာမှာလည်း နယ်မြေခံအာဏာပိုင်တွေက မော်တော်ဆိုင်ကယ်ဆယ်စီးခန့်နဲ့ ကားနောက်၊ ကားရှေ့တွေကနေ လိုက်လံနှောင့်ယှက်ခဲ့ကြပါသေးတယ်။

ဦးဝင်းတင်ကို လက်ခံတွေ့ဆုံတဲ့ နိုင်ငံရေးအကျဉ်းသားမိသားစုတွေကိုလည်း နောင်ကိုလက်ခံမတွေ့ဖို့ ဖိအားပေးခြိမ်းခြောက်မှုတွေ လုပ်ခဲ့ပါတယ်။ ဦးဝင်းတင် ထောင်ကထွက်လာကာစကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို သွားရောက်ရာမှာ လိုက်ပို့တဲ့ တက္ကစီကားသမားကို နယ်မြေခံအာဏာပိုင်တွေက ခြိမ်းခြောက်မှုတွေလုပ်ခဲ့တယ်လို့ အငှားယာဉ်မောင်းသူတွေကပြောပါတယ်။

# အာဆီယံကောင်စစ်ဝန်ရုံးဆောက်ရန် ကြံစိုက်ခင်းများကိုသိမ်း

**NEJ ၊ ဒီဇင်ဘာ ၃၁ ။** ။ နေပြည်တော်ဒေသတွင်းပါဝင်သော ပြန်ကပြေး၊ တောက်ထိန်နှင့် လက်ပံခါးလှေ ကျေးရွာများမှ ကြံစိုက်ခင်းဧက ၁၀၀၀ ကို အာဏာပိုင်များက သိမ်းယူလိုက်ပြီဖြစ်ကြောင်း သတင်းရရှိပါတယ်။

ယင်းသို့ သိမ်းယူရခြင်းမှာ အာဆီယံနိုင်ငံများဆိုင်ရာ ကောင်စစ်ဝန်ရုံးတည်ဆောက်ရန်အတွက်ဟုသိရပြီး ဒီဇင်ဘာလလယ်ခန့်က အဆိုပါကျေးရွာများမှ ကြံတောင်သူများကိုဆင့်ခေါ်ကာ ကြံစိုက်မြေများကို သိမ်းယူလိုက်ပြီ ဖြစ်ကြောင်း အဆိုပါကြံစိုက်ခင်းများအတွင်းသို့ ဝင်ရောက်ခြင်း ကြံခုတ်ခြင်းများ မပြုလုပ်ရန်လည်း အမိန့်ဖြင့်တားမြစ်ခဲ့သည်ဟုဆိုပါတယ်။

"အစကတည်းက သတင်းသဲ့သဲ့တော့ ကြားရတယ်။ အခုလောက်မြန်မြန်ကြီးဖြစ်လာမယ်မထင်ဘူး။ ကျနော်တို့က အခုချိန်ဟာ ကြံရာသီဖြစ်လို့ သိမ်းမည်ဆိုရင်လည်း ကြံတွေခုတ်ပြီးမှသိမ်းပါလို့ မေတ္တာရပ်ခံကြည့်သေးတယ်။ ဒါအထက် အမိန့်မရဘူးလို့ ပြောတယ်။ အခုဟာက ကိုယ်စိုက်ခဲ့တဲ့ကြံတောင် ကိုယ်မပိုင်တော့ဘူးဖြစ်သွားတယ်။ တဧကကို ကြံစိုက်နိုင်ဖို့ ထယ်ခ ထွန်ခ ပျိုးခတွေ နည်းတာမဟုတ်ဘူး။ ဒီနှစ်အတွက်စရိတ်တွေ ပြန်မရတော့ဘူး" ဟု လက်ပံခါးလှကျေးရွာမှ ကြံတောင်သူတဦးက ပြောပါတယ်။

ယခုအခါ အာဏာပိုင်များက သိမ်းယူထားသည့် ကြံစိုက်ခင်းများကို မြေထိုးစက်ဖြင့် ရှင်းလင်းလျက်ရှိရာ ဒေသခံကြံတောင်သူများမှာ နှမြောသဖြင့် စိတ်မချမ်းမသာဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတည်ဆောက်မည့် အာဆီယံနိုင်ငံများဆိုင်ရာ ကောင်စစ်ဝန်ရုံးကြီးကို တရုတ်နိုင်ငံအခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီတခုက တာဝန်ယူဆောက်မည်ဟုလည်း သတင်းရရှိပါတယ်။

# နိုင်ငံရေးအကျဉ်းသူ မထားထားသက်ကို ပဲခူးမှ ဝေးလံတဲ့ခန္တီးထောင်ပြောင်း

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ ပဲခူးထောင်မှာ ထောင်ဒဏ် ၁၉ နှစ် ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသူ မထားထားသက်ကို အာဏာပိုင်တွေက စစ်ကိုင်းတိုင်း ခန္တီးထောင်ကို ထပ်မံပို့ဆောင်လိုက်ပြီလို့ မိသားစုဝင်နဲ့နီးစပ်သူတဦးက ပြောပါတယ်။

မထားထားသက်ကို ရာဇဝတ်မှု အကျဉ်းသားတွေနဲ့ ရောနှောထားပြီး၊ ထောင်တွင်းက လူပေါင်းစုံ၊ အနံ့ပေါင်းစုံမခံနိုင်တာကြောင့် တခြားထောင်ကို ပြောင်းပေးဖို့ မထားထားသက်က အကျဉ်းဦးစီးဌာနကို စာရေးတောင်းဆိုခဲ့တာ ဖြစ်ပါတယ်။ ထောင်တွင်းက ဆေးလိပ်အငွေ့တွေကို မခံနိုင်တာကြောင့် အခုလိုတောင်းဆိုရတာလို့ ပြောပါတယ်။ သူ့ကို ဒီလောက်ဝေးတဲ့ ခန္တီးထောင်ကို ပို့မယ်မထင်ဘူးလို့ မိသားစုဝင်နဲ့နီးစပ်သူတဦးက ပြောပါတယ်။

“ရာဇဝတ်မှု အမှုသည်တွေနဲ့ရောထားတော့ အဲဒီမှာ ဟောလ်တိုက်ဆိုတော့ လူအများနဲ့နေရတယ်။ ဆေးလိပ်အနံ့တွေရလို့ ကျန်းမာရေးအတွက် မကောင်းတော့ သူကနေရာပြောင်းပေးဖို့ ထောင်ပိုင်နဲ့ ထောင်မှူးကိုပြောတယ်။ တကယ်လို့ ပြောင်းချင်ရင် ပြောင်းပေးစရာနေရာတော့မရှိဘူးနော်။ ပြောင်းချင်ရင် ထောင်ပြောင်းမှုရမယ်၊ စာတင်ဆိုတော့ ကောင်မလေးက စာတင်တယ်။ သူစာတင်တာ ခန္တီးဆိုပြီးတော့ မတတ်နိုင်ဘူးပေါ့နော်။ ဝေးတဲ့တနေရာတော့ တင်ဖြစ်ရင် တင်ဖြစ်မှာပေါ့။ အဲဒါကို တမင်တကာလုပ်ချပြီးတော့ အခု ၁၆ ရက် ၁၂ လပိုင်း ၂၀၀၈ မှာ ပဲခူးထောင်ကနေ ခန္တီးထောင်ကို ပို့လိုက်တာပေါ့။”

ဒီလ ၁၉ ရက်ကလည်း ပဲခူးထောင်မှာ ထောင်ဒဏ် ၂ နှစ် ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား မောင်ဆန်းဟာ ဆေးကုခွင့်မရလို့ အိမ်သာအတွင်းမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသွားခဲ့တဲ့အတွက် ပဲခူးထောင်မှာဘယ်လောက် အခြေအနေဆိုးနေတယ်ဆိုတာ ပြတာပဲလို့ မိသားစုဝင်က ပြောပါတယ်။

မထားထားသက်ကို ပြီးခဲ့တဲ့နှစ်က စက်တင်ဘာ သံဃာဆန္ဒပြမှုနဲ့ ဖမ်းဆီးခဲ့ပါတယ်။ အဲဒီနောက် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ၁၃ (၁) နယ်စပ်ဖြတ်ကျော်မှုအပါအဝင် ပုဒ်မ ၇ ခု နဲ့ တရားစွဲပြီး အခုနှစ် နိုဝင်ဘာလက ထောင်ဒဏ် ၁၉ နှစ်ချပါတယ်။ ထောင်ချပြီး ၁၀ ရက်အကြာမှာ ပဲခူးထောင်ကို ပို့လိုက်တာဖြစ် ပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနားထောင်မှာလည်း ထောင်ဒဏ် ၁၈ နှစ်ကျခံရ တဲ့ ရေဝတီတိုင်း ဘိုကလေးမြို့က ကိုသီဟသက်ဇင်ဟာ အအေးဒဏ်မခံနိုင်လို့ ခေါင်းကိုက်တဲ့ဝေဒနာ ခံစားနေရတယ်လို့ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ ဇနီးသည်ကပြောပါတယ်။ ဒီလ ၂၆ ရက်နေ့က ထောင်ဝင်စာ သွားတွေ့ခဲ့တာဖြစ် ပြီး၊ ဒီလို တွေ့နိုင်ဖို့ ၆ ည ခရီးဆက်ရတယ်လို့ ဇနီးမဇင်မာမြင့်က ပြောပါတယ်။

“ကျန်းမာရေးက အရမ်းအေးတဲ့ ရာသီဥတုဖြစ်နေတော့ သူက အာရုံကြောအားနည်းတဲ့ရောဂါနဲ့ ခေါင်းတွေကိုက်ခဲနေတာပေါ့။ နောက်ကျောတွေ အရမ်းတက်တဲ့ရောဂါခံစားနေရပါတယ်။ အခုအချိန်မှာ သွားတွေ့ပြန်တော့လည်း ညီမတို့က ဘိုကလေးကနေ မြစ်ကြီးနားကို ရောက်တဲ့အထိ ၆ ည အိပ်ပြီးမှ သွားတွေ့ရပါတယ်။ သွားတွေ့ပြန်တော့လည်း အဒေါ် ဒေါ်မွေးမွေးပါတယ်။ အဲဒါ အိမ်ထောင်စုစာရင်း အပြည့်အစုံ အရင် အင်းစိန်ထောင်မှာ လုပ်သွားတဲ့အတိုင်း အပြည့်အစုံသွားတဲ့ဟာကို အဒေါ်က မတွေ့ခဲ့ရဘူး။ ညီမတယောက်တော့ တွေ့ခဲ့ရတယ်။”

ကိုသီဟသက်ဇင်နဲ့အတူ ကိုဇာဂနာနဲ့ ဘုန်းကြီး ဦးစိန္တိမာတို့ တခန်းတည်းထားတယ်လို့ မဇင်မာမြင့်က ပြောပါတယ်။ ကိုသီဟသက်ဇင်ကို အာဏာပိုင်တွေက ပြီးခဲ့တဲ့နှစ် စက်တင်ဘာလက ဖမ်းဆီးခဲ့ပြီး အဲဒီနောက် ပုဒ်မ ၅၀၅ ခ၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု အပါအဝင် ပုဒ်မ ၃ ခုနဲ့ တရားစွဲပြီး ထောင်ဒဏ် ၁၈ နှစ်ချထားပါတယ်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကိုသီဟသက်ဇင်ရဲ့ တဦးတည်းသော ၉ နှစ် သားအရွယ် ဆုံးရှုံးခဲ့တဲ့အပြင် မိဘနှစ်ပါးနဲ့ မိသားစုတခုလုံး သေဆုံးခဲ့ရတယ်လို့ သိရပါတယ်။

---

# ဦးအောင်မင်း ကို ထောင် ၁၅နှစ်ထပ်ချ

**DVB ၊ ဇန်နဝါရီ ၂ ။** ။ စစ်ကိုင်းတိုင်း ကလေးထောင်မှာ ထောင် ၂ နှစ်ခွဲ ချထားတဲ့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စည်းအဖွဲ့ဝင် ဦးမင်းအောင်ကို နောက်ထပ် ထောင် ၁၅ နှစ် ချလိုက်တယ်လို့ အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဦးမင်းအောင်ကို ဒီဇင်ဘာလ ၁၀ ရက်နေ့က တမူးမြို့နယ်မှာ တရားရုံးထုတ်ပြီး ၁၇ ရက်နေ့မှာ အီလက်ထရောနစ်ပုဒ်မနဲ့ ထောင် ၁၅ နှစ် ထပ်ချလိုက်တာဖြစ်ပါတယ်။ ဦးမင်းအောင်ကို ထောင်ဒဏ်စီရင်ချက် ထပ်ချလိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

“ကျနော်တို့တောင် နားမလည်အောင် ဖြစ်နေတယ်။ သူက ထောင်ထဲ ရောက်နေတာ တနှစ်ကျော်နေပြီ။ သူထောင်ထဲမှာရှိတဲ့ကာလမှာ သူဘာမှ ဆောင်ရွက်နိုင်စရာလည်းမရှိဘူး။ သူကတော့ သူဘာမှ မသိတဲ့ဟာ၊ မဟုတ်တဲ့ဟာကို ထပ်ချတယ်ဆိုပြီးတော့ သူ့အဖေက သွားတွေ့တော့ ပြောတယ်တဲ့။ အမှုတွေလည်း သူလည်းမဖတ်ရဘူး၊ သူ့အဖေလည်း မဖတ်ရဘူး။ တမူးမှာ ခေါ်ပြီးတော့ နောက်ထပ် ၁၅ နှစ်တဲ့၊ အဲလိုပဲ ပြောတယ်။ အန်ကယ်တို့လည်း တမှုတည်းလား၊ ၅ နှစ်၊ ၃ ခုလား တိတိကျကျမသိဘူး။ နောက်ထပ် လေးငါးရက်လဆိုရင် သူထောင်သက်စေ့ပြီး လွတ်တော့မှာ။”

လွတ်ဖို့ လပိုင်းသာလိုတော့တဲ့ အဖွဲ့ချုပ်ဝင် ဦးမင်းအောင်ကို အာဏာပိုင်တွေက အကြောင်းရှာပြီး ထောင်ထပ်ချလိုက်တာဟာ လုံးဝတရားမျှတမှုမရှိဘူးလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“အန်အယ်လ်ဒီအဖွဲ့ဝင်တယောက် ထောင်ကျတယ်၊ လွတ်ဖို့လပိုင်းကျန်တဲ့အခါမှာ နောက်ထပ်ထောင်ချတယ်။ နောက်ထပ် ထောင်ချတာနဲ့ ပတ်သက်ပြီးတော့လည်း သူနေတာက တောင်ကုတ်မှာ၊ တရားရုံးစစ်တာက တမူးနယ်မှာ။ ကျနော်တို့ လုံးဝနားမလည်အောင်ဖြစ်နေတယ်။ တမင်တကာ မထွက်ရအောင် ရှာကြံပြီးတော့ ချတဲ့သဘောလို ဖြစ်နေတယ်။ နောက်ပြီးတော့ ကိုမင်းအောင် ကိုယ်တိုင်ပြောတာက သူလည်း ဒီဟာတွေ တခုမှမသိဘူးတဲ့။ ကျူးလည်း မကျူးလွန်ရဘဲနဲ့ ချတာ တရားမျှတမှုမရှိဘူးလို့ပဲ ကျနော်တို့ပြောချင်တယ်။”

ဦးမင်းအောင်ကို ၂၀၀၇ ခုနှစ် စက်တင်ဘာလလှုပ်ရှားမှုအပြီး အောက်တိုဘာ ၁၃ ရက်နေ့မှာ အာဏာပိုင်တွေက ဖမ်းဆီးပြီး ၄ ရက်အကြာမှာ ထောင် ၉ နှစ်ခွဲ ချလိုက်ပါတယ်။ နောက် ထောင်ဒဏ် ၂ နှစ်ခွဲအထိ လျှော့ချပြီး သံတွဲထောင်ကနေ အင်းစိန်ထောင်၊ အင်းစိန်ထောင်ကနေ မန္တလေးထောင်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် မတ်လအတွင်းမှာ မိသားစုနဲ့ဝေးတဲ့ ကလေးထောင်ဆီ ပို့ဆောင်လိုက်တာဖြစ်ပါတယ်။

---

**စာမျက်နှာ ၇ မှ**

လာတယ်ဆိုလို့ရှိရင်လည်း အကောင်းဆုံးကို မျှော်လင့်ထားသလို၊ အဆိုးဆုံးကိုလည်း ရင်ဆိုင်ဖို့ အသင့်ပြင်ထားတာ။ ကျမကတော့ ဘယ်နေရာ၊ ဘယ်ဒေသ ရောက်ရောက် ထောင်တို့ အိမ်တို့ ဆိုတာက ဒါတွေဟာ ပညတ်တွေပဲ၊ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် မြတ်စွာဘုရား တရားတော်တွေ နှလုံးသွင်းပြီးတော့ နေပါလို့ကျမပြောခဲ့တယ်။”

လားရှိုးထောင်မှာ ကိုမင်းဇေယျာနဲ့အတူ စက်တင်ဘာလှုပ်ရှားမှုနဲ့ ထောင်ချထားတဲ့ တက္ကသိုလ်ကျောင်းသူ မဟန်နီဦးနဲ့ ကိုမင်းဟံတို့လည်းရှိနေကြပြီး သူတို့ကတော့ ကျန်းမာရေးကောင်းတယ်လို့ သိရပါတယ်။

# လားရှိုးထောင်မှာ အေးလွန်း၍ ကိုမင်းဇေယျာ ဒါးရောဂါ ပြန်ခံစားနေရ

**DVB ၊ ဇန်နဝါရီ ၂ ။** ။ ထောင်ဒဏ်နှစ်ရှည်ချပြီး ရှမ်းပြည်နယ် လားရှိုး ထောင် ကိုပို့ထားတဲ့ ၈၈ မျိုးဆက်ကျောင်းသားကိုမင်းဇေယျာဟာ ရာသီဥတုအေးလွန်း တာကြောင့် ခါးရောဂါပြန်လည်ခံစားနေရတယ်လို့ ဇနီးသည် မချိုချိုဝင်းက ပြော ပါတယ်။

မချိုချိုဝင်းဟာ ဒီဇင်ဘာ ၂၆ ရက်နေ့က ကိုမင်းဇေယျာကို ထောင်ဝင် စာတွေ့ပြီး ပြန်လာခဲ့တာပါ။ ကိုမင်းဇေယျာရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး ရန်ကုန်ကနေ လားရှိုးထောင်ဆီ ထောင်ဝင်စာသွားတွေ့ခဲ့ရတဲ့ မချိုချိုဝင်းနဲ့ ဆက်သွယ်မေးမြန်းထားပါတယ်။

"ကျမကြည့်ရတာတော့ သူကအင်းစိန်မှာရှိသလောက် လန်းဆန်းတက် ကြွမှုသိပ်တော့မရှိဘူး၊ နောက်ပြီးတော့ သူက ဟိုလွန်ခဲ့တဲ့ ၂၀၀၀ လောက်က ခါးခွဲထားသေးတယ်။ အခု လောလောဆယ် တိုက်ထဲမှာထားတာလေ။ တိုက် ထဲမှာထားတယ်ဆိုတော့ လားရှိုးမှာအရမ်းအေးတယ်၊ ဒီတော့ သူက ခါးပြန် ကိုက်တယ်တဲ့ အဲ့လိုမျိုးပြောတယ်။ သူပြောပုံအနေအထားအရကတော့ အရမ်း စိုးရိမ်စရာတော့ မရှိဘူးပေ့ါ။ ဒါပေမယ့် နောက်ပိုင်းကျတော့ သူတို့အချိန် ကြာ ကြာ ဒီလိုမျိုးပဲထားမယ်၊ နောက်ပြီးတော့ တိုက်ထဲမှာလည်းထားတယ်။ ပြီးတော့ အေးလည်း အေးတယ်။ အခုလမ်းလျှောက်ခွင့်တောင်းထားတယ်။ လမ်းလျှောက် ခွင့်မရသေးဘူးဆိုလို့ရှိရင်တော့ ဒါ ကျန်းမာရေးထိခိုက်မယ့် အလားအလာတော့ ရှိတာပေ့ါ အဲ့လိုမျိုး။"

လမ်းလျှောက်ခွင့်မရသေးဘူးဆိုတာကို ကျမကို နည်းနည်းပြောပြပါ လား။ အခု လမ်းလျှောက်ခွင့်က ဘယ်လိုမျိုးမို့လည်း အပိတ်ခံထားရတာလား၊ ဒါမှ မဟုတ် လမ်းလျှောက်ခွင့်နည်းလို့လား…

"လမ်းလျှောက်ခွင့် တောင်းထားတယ်လို့တော့ပြောတယ်။ ဒီလို ပတ် ဝန်းကျင်မှာပေ့ါ။ တိုက်ထဲအပြင်၊ အဲဒီ ပတ်ဝန်းကျင်မှာ လမ်းလျှောက်ခွင့်ပေ့ါ။ မရသေးဘူးလို့တော့ပြောတယ်။"

ထောင်ဝင်စာတွေ့ရတဲ့အနေအထားကိုရော ပြောပြပါဦး၊ ထောင်ဝင်စာ တွေ့တာ လွယ်လား ဒါမှမဟုတ် လွတ်လပ်မှုရှိလား…

"ထောင်ဝင်စာတွေ့တာကတော့ ကျမတို့ နာရီဝက်ပဲတွေ့ရတယ်။ တပတ်ကို ၂ ရက် တွေ့ရတယ်။ ဒါပေမယ့် ကျမတခေါက်ပဲ တွေ့လိုက်ရတယ်။ ကိုမင်းဇေယျာညီကတော့ ၂ ခေါက် သွားတွေ့လိုက်တယ်။ ကျမရောက်တဲ့နေ့ က ခရစ္စမတ်နေ့ဖြစ်သွားတယ်။ နောက်တနေ့ ၂၆ ရက်နေ့ကျတော့ သောကြာ နေ့ဖြစ်သွားတယ်။ စနေ တနင်္ဂနွေခံသွားတော့ ကျမတို့ ဟိုမှာအကြာကြီး တည်း မယ်ဆိုလို့ရှိရင် စရိတ်စက ပိုကုန်မှာစိုးလို့။ တကယ်တော့ ငွေကုန် လူပင်ပန်း ပါတယ်၊ သွားတွေ့ရတော့လည်း နာရီဝက်၊ နာရီဝက်မှာလည်း သိပ်ပြီးတော့ လည်း လွတ်လွတ်လပ်လပ်ပြောလို့လည်းမရဘူးလေ။ မှတ်တမ်းတင်တဲ့လူတွေ လည်း အများကြီးရှိတယ်။"

နောက်ပိုင်းကျလို့ရှိရင်တော့ မချိုဘယ်လိုစီစဉ်ထားလဲ…

"ကျမကတော့ ၂ လ တကြိမ်လောက် သွားတွေ့ဖို့ အစီအစဉ်ရှိတယ်။ ဒီကြားထဲမှာတော့ ငွေပို့ပေးမယ်ပေ့ါ။ အဲလိုမျိုး အစီအစဉ် လုပ်ထားတယ်လေ။"

ကိုမင်းဇေယျာရဲ့ဆန္ဒကရော ဘယ်လိုရှိလဲ…

"ဘာပဲဖြစ်ဖြစ် သူကတော့ လာစေချင်နေတဲ့ ဆန္ဒတော့ရှိတာပေ့ါ။ ကျမ လည်းသွားချင်တယ်။ ငွေရေးကြေးရေး အခက်အခဲ၊ အချိန်အခက်အခဲလေးတွေ ရှိနေတော့ စိတ်ပဲရောက်မှာပေ့ါ။ ဒါပေမယ့် အဆင်ပြေအောင် ကြည့်ပြီးတော့ စီစဉ်ရမှာပဲ။ လောလောဆယ်က ပွင့်လင်းရာသီဆိုတော့ သွားလို့လာလို့ ကောင်းတယ်ဆိုပေမယ့်လည်း မိုးတွင်းကျလို့ ကျမမသွားနိုင်လို့ရှိရင်၊ သူ့ရဲ့ စားဝတ်နေရေးအဆင်ပြေပ့ါမလား တွေးပြီးတော့ စိတ်ပူတယ်။ သူတို့ကို ဒီလိုမျိုး အဝေးကိုပို့လိုက်တာကတော့ ဘယ်လိုပြောမလဲ သူတို့အပြစ်ဒဏ်ကို မိသားစု တွေပါဆက်ပြီးတော့ ဒုက္ခရောက်စေတာပေ့ါနော်။"

ကိုမင်းဇေယျာရဲ့ လုပ်ရပ်ကြောင့် အခုဆိုလို့ရှိရင် ဇနီးဖြစ်သူ မချိုကိုရော ကူးစက်တယ်၊ ဒုက္ခရောက်စေတယ်ပေ့ါလေ။ ကိုမင်းဇေယျာလုပ်ရပ်တွေ အပေါ် မှာရော မချိုဘယ်လိုသဘောရလဲ၊ စိတ်ပျက်မိတာ ဖြစ်မိလား…

"အဲ့လိုတော့မဖြစ်မိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကိုမင်းဇေယျာနဲ့ လက်မထပ်ခင်ကတည်းက ကိုမင်းဇေယျာသည် ထောင်ကျဖူးတဲ့ နိုင်ငံရေးသမား တယောက်ဖြစ်တယ်ဆိုတာကို ကျမ သိထားပြီးသားလေ။ အဲဒီတော့ ဒီလို ဖြစ်

**စာမျက်နှာ ၆ သို့**

# နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေခွင့်ပေးမည်ဟု သတင်းများထွက်ပေါ်

**DVB ၊ ဒီဇင်ဘာ ၂၉ ။** ။ မကြာသေးခင်က ရန်ကုန်မြို့ထုတ် ဂျာနယ်တွေ ဖြစ်တဲ့ မြန်မာတိုင်းမ်၊ ရန်ကုန်တိုင်းမ်၊ လျှက်တစ်ပြက်၊ ပေါ်ပြူလာ၊ ပြည်မြန်မာနဲ့ Eleven Weekly စတဲ့ဂျာနယ်တွေကို နေ့စဉ်ထုတ်သတင်းစာတွေအဖြစ် ထုတ်ဝေခွင့် ပြုလိုက်ပြီလို့ သတင်းများ ထွက်ပေါ် ခဲ့ပါတယ်။

နေ့စဉ်ထုတ် သတင်းစာဂယက်နဲ့ပတ်သက်ပြီး ဂျာနယ် အယ်ဒီတာတဦး က ပြောပါတယ်။ "ဒီဘက်မှာ ကျနော်တို့ တပတ်တခါတောင်မှ မနည်းရပ်တည် ပြီးတော့ထုတ်နေရတဲ့အနေအထားမျိုးမှာနေ့စဉ်ထုတ်ဆိုတဲ့ဟာမျိုးကသတင်း ကို ပေါပေါများများ စာဖတ်ပရိသတ်ကိုချပြနိုင်တဲ့ အနေအထားမျိုး ရောက်ပြီ ဆိုရင် နေ့စဉ်ထုတ်ထုတ်လို့ရပြီပေ့ါဗျာ။ ဒီလောက်ကြီးတော့ အောင်မြင်လိမ့် မယ်လို့မထင်ဘူး။ တခုတော့ရှိတယ် သတင်းအနေနဲ့ မီဒီယာလွတ်လပ်ခွင့်ရ မယ်ဆိုလို့ရှိရင်တော့ ပြောလို့မရဘူးပေ့ါဗျာ။ လက်ရှိ စာဖတ်သူတွေ အနေနဲ့ လည်း ကြိုက်လာနိုင်တာပေ့ါ။ အခုအချိန်မှာ ထုတ်တဲ့လူလည်းကွဲမှာပဲ။"

နေ့စဉ်ထုတ် သတင်းစာတွေ ထုတ်ဝေခွင့် ပြုလိုက်တယ်လို့ သတင်းတွေ ထွက်ပေါ်နေချိန်မှာ အာဏာပိုင် အသိုင်းအဝိုင်းနဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေကို အပတ် စဉ်ထုတ်ဂျာနယ်ထုတ်ဝေခွင့် ကဒ်တွေချပေးနေပြီး အယ်ဒီတာအဖွဲ့ပြင်ဆင်မှုတွေ ရှိတယ်လို့ သူကဆိုပါတယ်။ နအဖ စစ်ဗိုလ်ချုပ်ကြီးတွေ အခြေစိုက်တဲ့ နေပြည် တော်မှာ နေ့စဉ် သတင်းစာတစောင် ထုတ်ဝေဖို့ပြင်ဆင်နေတာနဲ့ပတ်သက်ပြီး တော့လည်း သူက ပြောပါတယ်။

"လက်ရှိကျနော်တို့ မြို့တော်သတင်းလိုပါပဲ။ ရန်ကုန် City သတင်းထုတ် တာလည်း မြို့တော်အတွင်းမှာ လက်ရှိဖြစ်နေတဲ့အနေအထား၊ ကုန်စျေးနှုန်း ဘာ ညာဆိုတာကတော့ သတင်းစာထဲမှာ ပါတဲ့အတိုင်း သိပ်ကွာမှာ မဟုတ်ပါဘူး။ ဒီလိုပဲ ရေးရမှာပါပဲ၊ ဒီလိုမျိုး လွတ်လပ်မှုမရှိတဲ့ အခါကျတော့ ရေးဖို့ ပြုဖို့ဆိုတာ သိပ်လွယ်မှာတော့ မဟုတ်ဘူး။ နေပြည်တော်ထုတ်တယ်ဆိုတာ နေပြည်တော် နေ့စဉ်သတင်းစာကလည်း ကြေးမုံ၊ မြန်မာ့အလင်းထုတ်သလို နေပြည်တော်က ထုတ်တဲ့ သတင်းစာဖြစ်မှာပဲ။ ကျနော်တို့ဆီမှာကတော့ အများသောအားဖြင့် လူ ၁၀၀ မှာ ၉၉ ယောက်လောက်ကတော့ အနောက်က နာရေးလောက်ပဲ ကြည့်ကြတာပေ့ါဗျာ။ နာရေးနဲ့အခြား စီးပွားရေးကြော်ငြာလောက်ပဲ ကြည့်ကြ တာပေ့ါ၊ ကျန်တာကမသိ ဘာမှထူးခြားတာမှ မဟုတ်တာ။"

နေ့စဉ်ထုတ် ဂျာနယ်တွေ ထုတ်ဝေခွင့်ပြုတယ်ဆိုတာနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် စာပေစိစစ်ရေးက အကြောင်းတစုံတရာ ပြန် လည်ဖြေကြားခြင်းမရှိခဲ့သလို ကာယကံရှင် ဂျာနယ်တိုက်တွေက ဝန်ထမ်းတွေ တောင် မသိရသေးဘူးလို့ ဂျာနယ်တွေနဲ့နီးစပ်တဲ့ သူတွေက ပြောပါတယ်။

# မေလမှာ ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ရန် မိတ္ထီလာအဖွဲ့ချုပ်တောင်းဆို

**DVB ၊ ဇန်နဝါရီ ၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဒီနှစ်မေလမှာ ပြန်လွှတ်ပေးဖို့ မန္တလေးတိုင်း မိတ္ထီလာ ခရိုင်အဖွဲ့ချုပ်က စစ်အုပ်စုကို ဒီနေ့ တောင်းဆိုလိုက်ပါတယ်။

မိတ္ထီလာမှာပြုလုပ်တဲ့ ခရိုင်အဖွဲ့ချုပ် လစဉ် ပုံမှန်အစည်းအဝေးကနေ ပြောဆိုလိုက်တာဖြစ်ပြီး၊ ၂၀၀၃ ခု ဒီပဲယင်းအကြမ်းဖက်မှုကတည်းက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားတာ နှစ်ကျော်နေပြီလို့ ထောက်ပြခဲ့ပါတယ်။ ရှေ့ရင်ဆိုင်ရမယ့် နိုင်ငံရေးအနေအထားတွေကို အစည်းအဝေးမှာ ဆွေးနွေးခဲ့တယ်လို့ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"အစည်းအဝေးမှာ ကျမတို့ ရင်ဆိုင်ရမယ့်အနေအထား၊ နအဖ ရင်ဆိုင်ရမယ့် အနေအထားတွေ အများကြီးဆွေးနွေးပါတယ်။ ပထမဆုံး ဆုံးဖြတ်ချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး စတင်ထိန်းသိမ်းတုန်းက ၁၀ ခ နဲ့ ထိန်းသိမ်းတယ်။ ဒါကို သူတို့ ၃ နှစ်ကနေ ၅ နှစ်ထိအောင် တိုးမြှင့်လာတယ်။ ၂၀၀၈ မေ မှာ ပြည့်တော့ တနှစ်ထပ်ပြီး တိုးလာတယ်။ သူတို့ထုတ်တဲ့ ဥပဒေနဲ့အညီ ပြန်လွှတ်ရမယ်ဆိုရင် ၂၀၀၉ မေ ၆ ရက်နေ့မှာ ပြည့်ပြီ။ ဒါကြောင့် ဆုံးဖြတ်ချက် ၁ အနေနဲ့ ၂၀၀၉ မေလတွင် ၆ နှစ်ပြည့်ပြီဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ကို မည်သည့်အကြောင်းပြချက်နှင့်မှ ထပ်မံတိုးမြှင့်ချုပ်နှောင်ခြင်းမရှိဘဲ ဥပဒေနှင့် အညီ ပြန်လွှတ်ပေးရန် နအဖသို့ တောင်းဆိုကြောင်း ဆုံးဖြတ်သည် ဆိုပြီး ဆုံးဖြတ်ချက်တခုချခဲ့တယ်။"

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးမယ်လို့ နအဖစစ်အုပ်စုကအားအတိုင်း တရားဝင်ပါတီကြီးဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင်လုပ်ပိုင်ခွင့်တွေကိုလည်း တားဆီးနှောင့်ယှက်တာ မလုပ်ဖို့ ခရိုင်အဖွဲ့ချုပ်က ပြောပါတယ်။ နောက်ဆုံး ဆုံးဖြတ်ချက်မှာတော့ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ နအဖကို တောင်းဆိုပါတယ်။

"ဆုံးဖြတ်ချက် ၃ အနေနဲ့ကတော့ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖမ်းဆီးထိန်းသိမ်းထားသော ဦးခွန်ထွန်းဦး အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ရဟန်း၊ သံဃာ၊ သီလရှင်များနှင့် နိုင်ငံရေး အကျဉ်းသားများအားလုံးအား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုကြောင်းဆုံးဖြတ်သည် ဆိုပြီး တောင်းဆိုလိုက်ပါတယ်။"

ခရိုင်အဖွဲ့ချုပ် အစည်းအဝေးကို မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်က အဖွဲ့ချုပ်ဝင် တွေလည်း တက်ရောက်ခဲ့ပြီး၊ မန္တလေးတိုင်း တိုင်းစည်းရုံးရေးဥက္ကဋ္ဌ ဦးသိန်းတန်လည်း တက်ရောက်ခဲ့ပါတယ်။

မျက်နှာဖုံးမှ

"ဒါကတော့ကျနော်တို့ခုနပြောတဲ့အတိုင်း ကျနော်တို့က ၁၉၉၀ ရွေးကောက်ပွဲရလဒ်အပေါ်မှာရပ်တည်ထားတာကိုး။ ပြည်တွင်းမှာလည်း အဲန်အဲလ်ဒီလည်းရှိသေးတယ်။ စီအာပီပီလည်းရှိသေးတယ်။ အဲန်အဲလ်ဒီဆိုရင် ဒီရွေးကောက်ပွဲကိုအနိုင်ရထားတဲ့ပါတီ။ တကယ်တမ်းဆိုရင် သူကအစိုးရတရပ်ဖွဲ့စည်းပြီး လုပ်စရာရှိတာတွေဆက်လုပ်ဖို့ ဒီအပေါ်မှာ ကျနော်တို့ကအခြေခံတယ်။ အဲဒီအခြေအနေတွေမပြောင်းသရွေ့ ကျနော်တို့လည်း ပြောင်းမှာမဟုတ်ဘူး။ နောက်တခုက ကျနော်တို့လုပ်ငန်းစဉ်အတိုင်းလုပ်တာပဲ။ သူများက အစိုးရတရပ်မကလို့ နှစ်ရပ်မကလို့ သုံးရပ်ဖြစ်ပစေ ကျနော်တို့က ကိုယ်လုပ်မယ့်အလုပ်ကို ချမှတ်ထားတဲ့အတိုင်းလည်း နိုင်ငံတကာ ပြည်တွင်း ကျနော်တို့လုပ်နေတာပဲ။"

အခုနောက်ထပ်အစိုးရတရပ်စင်ပြိုင် ပြည်ပမှာပေါ်လာမယ်ဆိုရင် နိုင်ငံတကာအမြင်မှာ ရှုပ်ထွေးမှုတွေဖြစ်မသွားနိုင်ဘူးလား။

"ရှုပ်ထွေးချက်တွေရှိပါတယ်။ ရှုပ်ထွေးတာတွေရှိပါတယ်။ အစိုးရတရပ်ကို ထောင်တယ်ဆိုတာကတော့လွယ်ပါတယ်။ အထူးသဖြင့် ပြည်ပမှာ အစိုးရတရပ်ထောင်တယ်ဆိုတာ ကြေညာချက်ထုတ်ပြီး ထောင်လိုက်ရုံပါပဲ။ ဒါပေမယ့် ဘယ်အမှုနဲ့ရပ်တည်မလဲ ဘယ်အပေါ်မှာအခြေခံမလဲ ဒါတွေကိုကြည့်ရမှာပေ့ါ။"

အခုလိုမျိုးကြေညာချက်ထွက်လာတဲ့အပေါ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအနေနဲ့ရော အခုဆိုရင် ကြေညာချက်ထွက်လာတာ နှစ်ရက်ရှိပြီ။ ဒီနေ့ပါနဲ့ဆို နှစ်ရက်ရှိပြီ။ ဒီကိစ္စကိုဆွေးနွေးဖို့ကမ်းလှမ်းပြီး စကားပြောဖို့လုပ်တာတွေရှိပါသလား။ ဆွေးနွေးတာတွေရှိပါသလား။

"ထွက်လာတဲ့ကြေညာချက်ကမရှင်းဘူး။ ကြိုးပမ်းမယ်လို့ပြောပေမယ့် ဘယ်လိုကြိုးပမ်းမယ်ဆိုတာလည်းမပါဘူး။ ဘယ်သူတွေနဲ့ဖွဲ့မယ်ဆိုတာလည်း မပါဘူး။ တကယ်ပဲ ၂၀၀၉ ခုနှစ်မှာဖွဲ့မှာလား။ ဒါတွေဘာမှမပါဘူး။ နောက်တခုက ကျနော်တို့လွှတ်တော်ကိုယ်စားလှယ်တွေကလည်း အစည်းအဝေးကမကြာခင်တွေ့ကြမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေပြည်ပရောက် MPU ပေ့ါနော်။ Members of Parliament Union အဲဒီလိုတွေ့ကြတဲ့အခါ ကျနော်တို့အကြောင်းမျိုးစုံတိုင်ပင်ပြီး ဆုံးဖြတ်ကြမှာပါ။"

ပြည်ပရောက်အစိုးရဖြစ်တဲ့ NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း ပြောပြသွားတာပါ။

# အကျဉ်းသားတွေထောင်ဝင်စာ ပိတ်

**RFA ၊ ဇန်နဝါရီ ၂ ။** ။ နအဖစစ်အုပ်စုက နိုင်ငံရေးအကျဉ်းသားတွေကို နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ပြီး ဝေးလံတဲ့ နယ်ထောင်တွေဆီပို့လိုက်ပြီးနောက် အခု ဇန်နဝါရီလ တလလုံးကို မိသားစုဝင်တွေကို ထောင်ဝင်စာတွေ့ခွင့်ပြုမှာမဟုတ်တဲ့အကြောင်း ကလေးအကျဉ်းထောင် အာဏာပိုင်တွေက ပြောလိုက်တယ်လို့ သိရပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကလေးမြို့ကို ထောင်ဝင်စာသွားတွေ့ပြီး၊ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃၀ ရက်နေ့မှာ ရန်ကုန်ကို ပြန်ရောက်လာတဲ့ နိုင်ငံရေးအကျဉ်းသား ကိုရဲမြတ်ဟိန်းရဲ့ မိခင်က အခုလိုပြောပြပါတယ်။

"ဟုတ်တယ်၊ သူတို့က ဒီ ၁ လပိုင်း တလလုံးကို အထက်ကိုတွေ့မဲ့လူတွေရဲ့ စာရင်းတွေတင်ရတယ်တဲ့၊ အဲဒါကြောင့် တလပိုင်းထဲမှာ လာမယ်ဆိုရင် တွေ့လို့မရဘူးတဲ့၊ နောက် ၂ လပိုင်းကျမှ တွေ့ပေးမယ်လို့ပြောတယ်"။

ကိုရဲမြတ်ဟိန်းဟာ အသက် ၁၇ နှစ်အရွယ် သင်္ချာ ပထမနှစ်ကျောင်းသားတဦးဖြစ်ပြီး၊ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလထဲမှာ ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံလိုက်ရတဲ့ ၂၀၀၇ မျိုးဆက်ဖြစ်ပါတယ်။

အလားတူပဲ အခြားနယ်ဝေးထောင်တချို့မှာလည်း အခု ဇန်နဝါရီလထဲမှာ နိုင်ငံရေးအကျဉ်းသားတွေရဲ့မိသားစုတွေကို ထောင်ဝင်စာတွေ့ခွင့်ပိတ်ထားတယ်လို့သိရပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေဟာ နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ခံရပြီး နယ်စွန်နယ်ဖျားထောင်တွေကို အပို့ခံထားရတဲ့အပြင် စားစရာ၊ ဆေးဝါးနဲ့ စာဖတ်ခွင့်တွေအတွက် ကိုယ့်မိသားစုကိုပဲအားကိုးနေရာမှာ အခုလို မိသားစုတွေနဲ့ တွေ့ခွင့်တလ ပိတ်လိုက်တဲ့အတွက် သူတို့အတွက် စားစရာ ရိက္ခာပြတ်မှာကို မိသားစုတွေက စိတ်ပူပန်နေကြရတယ်လို့သိရပါတယ်။

စာမျက်နှာ ၅ မှ

ရှိတာမို့ လာမယ့်နွေရာသီကို ဘယ်လိုပုံစံနဲ့ ဖြတ်သန်းရမယ်ဆိုတာ မသိတော့ဘူးလို့ဒေသခံတွေက ပြောဆိုနေကြပါတယ်။ မြန်မာ၊ အာဆီယံနိုင်ငံတွေနဲ့ ကုလသမဂ္ဂတို့ သုံးပွင့်ဆိုင်ထုတ်ပြန်ကြေညာတဲ့ စစ်တမ်းမှာ ရေဝတီတိုင်းအတွင်း သောက်သုံးရေကန်အားလုံးရဲ့ ၄၃ ရာခိုင်နှုန်း ပျက်စီးခဲ့တယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။

**ဒီဇင်ဘာ ၂၅၊ SHAN ။ ။** နအဖ NUP သည် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရမည်ဟု ယုံကြည်ကြောင်း။

**ဒီဇင်ဘာ ၂၇၊ SHAN ။ ။** Mongkok တွင် ကျောက်မီးသွေးတူးရန် ခွင့်ရထားသော Saraburi ကျောက်မီးသွေးလုပ်ငန်းသည် ရှမ်းပြည်နယ် တပ်ရှိဒေသတွင် လမ်းဖေါက်ရန် လျှောက်ထားကြောင်း သတင်းရ၏။

**ဒီဇင်ဘာ ၂၇၊ KL-RFA ။ ။** မြန်မာလုပ်သားအအခွင့်အရေးစောင့်ရှောက်ရေးအဖွဲ့ BWRPC မှ ကိုရဲမင်းထွန်း(အတွင်းရေးမှူး)အား လူ ၄ ဦးမှ အင်အားသုံး ကားပေါ်တင်ဖမ်းသွားကြောင်း အတူရှိနေခဲ့သူ ဥက္ကဋ္ဌကိုထင်ကျော်မှဆို၏။

**ဒီဇင်ဘာ ၂၈၊ WTN Post ။ ။** ကုလသည် မြန်မာအပေါ် ထူးခြားသောဆက်ဆံမှုသုံးသင့်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများလွှတ်ရန် နအဖအား ငွေကြေးအကူဖြင့်များ သင့်ကြောင်း၊ အမေရိကန်မှ ဖိအားလျှော့ကာ ကမ္ဘာ့ငွေကြေးအဖွဲ့များ မြန်မာသို့ပြန်သွားသင့်ကြောင်း ကုလ၏မြန်မာအရေးအထူးသံ ဂမ်ဘာရီမှဆိုကြောင်း။ သို့သော် မြန်မာသို့အကူအညီကို နအဖလက်ပါးစေလက်ထဲမရောက်စေရန် ကုလသည် ဂျပန်၊ ဒိန်းမတ်၊ နော်ဝေ၊ နယ်သာလင်တို့နှင့် တိုင်ပင်နေကြောင်း။

**ဒီဇင်ဘာ ၂၉၊ DVB ။ ။** လှိုင်သာယာ စက်မှုဇုံတွင် အထည်လုပ်သား ၅၀၀၀ အလုပ်ပြုတ်ခဲ့ကြောင်း။

**လဒီဇင်ဘာ ၂၉၊ Irrawaddy ။ ။** လုပ်သားအခွင့်အရေးလှုပ်ရှား၍ထောင် ၇ နှစ်ကျ ကျောင်းဆရာကိုဌေးလွင်ဦး(၄၆နှစ်)သည် မန္တလေးထောင်တွင် အဆုပ်ရောဂါဖြင့် သေဆုံးခဲ့ကြောင်း ဇနီးမခင်လှမြင့်မှ ဆို၏။

**ဒီဇင်ဘာ ၂၉၊ DVB ။ ။** မြန်မာပြဿနာဖြေရှင်းရန် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာသို့လာရန် ဝမ်းတွင်း အဲန်အဲလ်ဒီမှ တောင်းဆို၏။

**ဒီဇင်ဘာ ၂၉၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်ရော နအဖမှပါ အပယ်ခံနေရသည့်ကုလသမဂ္ဂ မြန်မာရေးရာအထူးသံ ဂမ်ဘာရီသည် Stockholm Syndrome (ပြန်ပေးဆွဲခံရသူ ပြန်ပေးဆွဲသူဖက်ယိမ်းစိတ်) ဖိစီးနေပုံရကာ၊ အမြင်မကြည်ဘဲ၊ နအဖ၏ဖိအားတွင် မှားယွင်းယိမ်းဖွယ်ရှိကြောင်း အယ်ဒီတာအောင်ဇော်မှဝေဖန်၏။

**ဒီဇင်ဘာ ၃၀၊ DVB ။ ။** ရန်ကုန်တိုင်းမ်စ်၊ လျှပ်တပျက်၊ ပေါ်ပြူလာ၊ ပြည်မြန်မာ၊ Eleven Wkly စသည့် အပတ်စဉ်ဂျာနယ်များကို နေ့စဉ်ထုတ်သတင်းစာများအဖြစ်ထုတ်ဝေခွင့်ပြုလိုက်ကြောင်း။

**ဒီဇင်ဘာ ၃၀၊ DVB ။ ။** ဦးဝင်းတင်၏ နိုင်ငံရေးအကျဉ်သားမိသားစုများအား သွားရောက်အားပေးခြင်းများတွင် နအဖလက်ကိုင်တုတ်များသည် နှောင့်ယှက်နေကြောင်း။

**ဒီဇင်ဘာ ၃၀၊ DVB ။ ။** အဲန်အဲလ်ဒီအဖွဲ့ချုပ်တွင် ပြည်သူနှင့် လွှတ်လပ်ရေးခေါင်းစဉ်ဖြင့် ၂ နာရီကြာစကားဝိုင်းတခု ဦးခင်မောင်ဆွေမှဦးဆောင် ဟောပြောကျင်းပခဲ့၏။

**ဒီဇင်ဘာ ၃၀၊ DVB ။ ။** နာဂစ်လေဘေးနောက် သောက်သုံးရေကန်များ ဆည်ယူခြင်းမရှိသေး၍ ယခုခြောက်သွေ့ရာသီရောက်လာ၍ သောက်သုံးရေ ရှားပါးနေကြောင်း။

**ဒီဇင်ဘာ ၃၀၊ RFA ။ ။** ဗိုလ်သန်းရွှေထံ အောက်ခြေမှ နာဂစ်မုန်တိုင်းပြန်လည်တည်ဆောက်ရေးတင်ပြချက်မှာ အခြေအနေမှန်နှင့်သွေဖယ်ကြောင်း ဒေသခံများမှဆို၏။

**ဒီဇင်ဘာ ၃၀၊ DVB ။ ။** ၃၃ ကြိမ်မြောက်သက်ကြီးကာတွန်းဆရာများအား ဂါရဝပြုပွဲတွင် ဦးဖေသိန်း၊ ဦးအောင်ရှိန်နှင့် ဦးရွှေမင်းသားတို့အား ဦးဖေသိန်းအိမ်တွင် ဂါရဝပြု၏။

**ဒီဇင်ဘာ ၃၀၊ DVB ။ ။** ပင်နီဝတ်အဲန်အဲလ်ဒီလူငယ် ၉ ဦး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး ဆိုင်းဘုတ်ကိုင်၍ လွှတ်တော်အနီး ဆန္ဒပြစဉ် အရပ်ဝတ်နအဖလက်ကိုင်တုတ်အကြမ်းဖက်သူများမှ ဝိုင်းဝန်းရိုက်နှက် ဖမ်းဆီးသွားကြောင်း။

**ဒီဇင်ဘာ ၃၁၊ DVB ။ ။** တောင်ဒဂုံတွင် ဆိုင်ကယ်၊ စက်ဘီး၊ ဘက်ထရီစသည့် ပစ္စည်းများမကြာခဏပျောက်၍ တိုင်ကြားသော်လည်း ရဲမှ အရေးယူမှုမရှိကြောင်း။

**ဒီဇင်ဘာ ၃၁၊ DVB ။ ။** ရခိုင်အချုပ်အခြာအာဏာကျဆုံးခြင်း ၂၂၄ မြောက်အခန်းအနားကို ထိုင်းရှိ မယ်လဒုက္ခသည်စခန်းတွင် ကျင်းပခဲ့၏။

**ဒီဇင်ဘာ ၃၁၊ RFA ။ ။** ၂၀၁၀ ရွေးကောက်ပွဲပါရေး အပစ်အခတ်ရပ်အဖွဲ့ ဝလက်နက်ကိုင်အဖွဲ့နှင့် နအဖ ၄ ရက်ဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရခဲ့ကြောင်း။

**ဒီဇင်ဘာ ၃၁၊ AsiaTribune ။ ။** နအဖလူ့အခွင့်အရေးဖေါက်ဖျက်မှုများအပေါ် ကုလလုံခြုံရေးကောင်စီ၏ သဘောတူမဲ ၈၀၊ ကန့်ကွက်၂၅ မဲ၊ ပျက်ကွက် ၄၅ မဲ ဆုံးဖြတ်ချက်တွင် အာဆီယံ ၉ မဲတွင်၊ ကန့်ကွက် ၄ မဲ၊ ပျက်ကွက် ၄ မဲ၊ ကမ္ဘောဒီယား(မတက်ရောက်)ဖြစ်ကြောင်း Nehginpao Kipgen သတင်းဝေဖန်ချက်မှဆို၏။

**ဒီဇင်ဘာ ၃၁၊ DVB ။ ။** ချောက်ထပ်ဆင့်အသံလွှင့်ဌာနမှ အရာခံဗိုလ်နိုင်ထူးသည် အစည်းအဝေးတွင် မိမိကိုယ်ကျိုးအတွက် ရွာသားများထံမှ ပစ္စည်းများတောင်းကြောင်း။

**ဒီဇင်ဘာ ၃၁၊ RFA ။ ။** စာပေစိစစ်ရေးသည် ဂျန်နဝါရီတွင်ထုတ်မည့် မြန်မာသစ်မဂ္ဂဇင်းအား ဦးသန့်ပုံဖြင့် ထုတ်ဝေခွင့်မပြုခဲ့ကြောင်း။

**ဒီဇင်ဘာ ၃၁၊ DVB ။ ။** နာဂစ်မုန်တိုင်းဒေသတွင် ကျောင်းများ ဖြစ်သလိုဖွင့်နေရပြီး ကျောင်းသားဦးရေများစွာလျော့နေကြောင်း ဘိုကလေးမြို့နယ် ပညာရေးဝန်ထမ်းတဦးမှဆို၏။

**ဒီဇင်ဘာ ၃၁၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးကို ဂျန်နဝါရီ ၁၀ တွင် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဖြစ်မည့် Sheik Hasina မှ တောင်းဆိုလိုက်၏။

**ဒီဇင်ဘာ ၃၁၊ DVB ။ ။** ရေနံချောင်းတွင် သောက်သုံးရေရှားပါးနေ၍ မီးဘေးပါစိုးရိမ်နေရကြောင်း။

**ဂျန်နဝါရီ ၁၊ VOA ။ ။** မြောက်ကိုရီးယားမှ ပြေးလာသူဒုက္ခသည်များအား မြန်မာတရားရုံးမှ လွှတ်လိုက်ပြီး ထိုင်းသို့ ပို့လိုက်ကြောင်း။

**ဂျန်နဝါရီ ၁၊ BurmaToday ။ ။** စစ်အုပ်စုဆန့်ကျင်သူများကို ဖြိုခွဲရန် နအဖသည် မြေအောက်ခြေမှုန်းရေးအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားနေကြောင်း အတည်မပြုသတင်းများမှဆို၏။

**ဂျန်နဝါရီ ၁၊ RFA ။ ။** နအဖသည် ဂျန်နဝါရီ တလလုံး နိုင်ငံရေးအကျဉ်းကျသူများအား မိသားစုများ ထောင်ဝင်ခွင့်ပြုမည်မဟုတ်ဟု ကလေးအကျဉ်းထောင်မှဆိုကြောင်း။

**ဂျန်နဝါရီ ၁၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အား မေ ဖ တွင်၄င်း၊ ဦးခွန်ထွန်းဦး အပါအဝင်တိုင်းရင်းခေါင်းဆောင်များ၊ ၈၈ မျိုးဆက်များ၊ ရဟန်းသံဃာသီလရှင်များ နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ရန် မိတ္ထီလာခရိုင်အဖွဲ့ချုပ်မှ နအဖသို့ တောင်းဆိုခဲ့၏။

**ဂျန်နဝါရီ ၂၊ Mizzima ။ ။** အပြည်ပြည်ဆိုင်ရာရုပ်ရှင်ဆုပေးပွဲများတွင် ပါဝင် လိုသူရုပ်ရှင်ထုတ်လုပ်သူများသည် နအဖ ရုပ်ရှင်ဆင်ဆာအဖွဲ့ ခွင့်ပြု… ဟု **စာမျက်နှာ ၁၄ သို့**

# ဂေါ့ဒ်အာမီ (God's Army) နှင့် (VBSW) စွမ်းအားမြင့်တို့လာကြဦးမည်လား

**မောင်ပုည (မြစ်တွေးလျှား)**

# (ပဒိုကွယ်ထူး၊ ရဲသီဟ၊ "ကျော်နီ–ဂျလူသာ" ညီအကိုနှင့် (KSO) တို့ ကျန်းကျန်းမာမာရှိကြသေးရဲ့လား)

## (၃)

'ဘန်ကောက်ရှိမြန်မာသံရုံးအနုကြမ်းစီးတာလည်း ဆက်ပါဦးဆရာ'

"ဘန်ကောက်ရှိမြန်မာသံရုံးအနုကြမ်းစီးတာက ၂၅ နာရီကြာပါတယ်၊ သံရုံးဝန်ထမ်းတွေ နိုင်ငံခြားသားတွေနဲ့ ထိုင်းနိုင်ငံသားတွေအပါအဝင် လူပေါင်း ၈၉ ဦးကို ထိန်းသိမ်းထားတာဖြစ်ပါတယ်"

'ပါဝင်သူတွေလည်း ပြောပါဦးဆရာ'

"ဒုတိယပိုင်းစာမျက်နှာ ၂ အနေနဲ့ ဓါတ်ပုံနှစ်ပုံဖော်ပြထားပါတယ်၊ ပထမပုံမှာ ကျော်နီ (VBSW) က အမျိုးသမီးတဦးကိုပြန်လွှတ်ပေးတာဖြစ်ပြီး၊ ဒုတိယပုံမှာတော့ (ဝဲမှယာ) အမည်မသိစစ်သွေးကြွတဦး၊ ကျော်နီ (Kyaw Ni)၊ မင်းလွင်၊ ပေဒါ (Pida) တို့ဖြစ်ကြပါတယ်၊ ၁၉၉၉ ခုနှစ် ဌန်လမှာ မြန်မာ ပြည်ဘက် တောတွင်းစခန်းမှာ စစ်သွေးကြွတွေပြန်ဆုံကြတော့ စစ်သွေးကြွ (VBSW) ကွန်မင်ဒါရဲသီဟက 'ပဒို x x' ထံ စာတစောင်ရေးကြောင်း လက်ခံရရှိတယ်လို့ဆိုပါတယ်"

'ပဒို x x က ဘာများပြောသေးသလဲဆရာ'

"ပဒိုက သူစာမပြန်ပါဘူး၊ လူချင်းမသိလို့ဖြစ်တယ်၊ နောက်ပိုင်း စစ်သွေးကြွတွေ 'တာကိုလန်' (Takolang) ကိုရောက်လာပြီးနောက် 'ဂေါ်ဒ်အာမီ' ဌာနချုပ်ကိုပြောင်းရွှေ့သွားပါတယ်၊ သူတို့တတွေဟာ မြန်မာနိုင်ငံတွင်းမှာ တစုံတခုလုပ်မှာကို ကျနော်သံသယမရှိကြောင်းဖြင့် 'ပဒို x x' ကပြောပြပါတယ်"

'ဟုတ်ကဲ့ဆရာ တတိယပိုင်းလည်းဆက်ပါဦး'

"တတိယပိုင်းကတော့ သက္ကရာဇ် ၂၀၀၀ ခုနှစ် ဂျန်နဝါရီ ၂၄ ရက်နေ့မှာ စွမ်းအားမြင့် ၃ ဦးနဲ့ ဂေါ်ဒ်အာမီ ၇ ဦးတို့ဟာ ထိုင်း–မြန်မာနယ်စပ်အနီး ကဘာတ်ကားကိုပြန်ပေးဆွဲပြီး ရပ်ချ်ဘူရီ (Ratchburi) ခရိုင်ဆေးရုံကိုမောင်းနှင်းပြီး ပြည်သူပေါင်းကရာချီ၊ ဝန်ထမ်းတွေရော၊ လူနာတွေအပါအဝင် ၂၂ နာရီ ပြန်ပေးဆွဲမှုပါပဲမောင်ချစ်ဖူး၊ တောင်းဆိုမှုကတော့ မြန်မာစစ်တပ်နဲ့တိုက်ပွဲဖြစ်ပွါးရာဒေသမှာ ဒဏ်ရာရရှိသူတွေကို ထိုင်းစစ်တပ်နဲ့သူနာပြုတွေကကုသပေး ဘို့နဲ့ ထိုင်းစစ်တပ်က နယ်စပ်ကိုဖွင့်ပေးဘို့တောင်းဆိုတာပါ"

'ဟုတ်ကဲ့ဆရာ ပြောပါ'

"တောင်းဆိုချက်တွေလည်းမအောင်မြင်ရော 'ထိုင်းကွန်မင်ဒို' တွေက ဒလကြမ်းတိုက်ခိုက်ရာမှာ ဂေါ်ဒ်အာမီနဲ့ စွမ်းအားမြင့်ပေါင်း ၁၀ ဦးထိ သေဆုံးကြရပါတယ်၊ ခုတော့ နအဖပြီးရင် ထိုင်းဟာလည်း သတိထားရမယ့်လူတွေဖြစ်လာပါတော့တယ်တဲ့"

## (၄)

'KNU ကခေါင်းဆောင်ဆိုရင်တော့ ပဒိုကွယ်ထူးတယောက်ပဲတွေ့ရပါတယ်ဆရာ၊ ဘန်ကောက်ရှိမြန်မာသံရုံးစီးနင်းမှုနဲ့ ရပ်ချ်ဘူရီဆေးရုံစီးနင်းမှုတွေကို KNU က ဘယ်လိုများသဘောထားပါသလဲဆရာ'

"မာက်စ်မီလီယန်ရဲ့စာတမ်းအရကတော့ KNU ခေါင်းဆောင် အမည်ကို မတွေ့ရပါဘူး၊ ဒါပေမင့် ဒီအနုကြမ်းစီးနင်းမှုနှစ်ခုစလုံးကို KNU က မလိုလားဘူးလို့ ဖော်ပြထားပါတယ်၊ ဒါကြောင့် နောက်ပိုင်းမှာ ဂေါ်ဒ်အာမီနဲ့ စွမ်းအားမြင့်တို့ရဲ့ပူးပေါင်းဆောင်ရွက်မှုတွေဟာ ဝေးသွားပါတော့တယ်မောင်ချစ်ဖူး"

'ဟုတ်ကဲ့ဆရာ၊ ဆက်ပါ'

"မာက်စ်မီလီယန်က ဘန်ကောက်ရှိမြန်မာသံရုံးစီးနင်းမှုမှာ ခေါင်းဆောင်သူက စွမ်းအားမြင့်ကျော်နီ (Big Johnny) ဖြစ်ကြောင်းနဲ့ နောက်ပိုင်းမှာ လူသာ (အမွှာ) ညီနောင်က ထောက်ခံမှုမပေးတော့ဘဲ လမ်းခွဲသွားတယ်လို့ ဖော်ပြထားပါတယ်"

'ဒါ့အပြင် ဘာများရှိပါသေးသလဲဆရာ'

"မာက်စ်မီလီယန်ရဲ့အရေးအသားအရကတော့မောင်ချစ်ဖူးရယ် KNU ခေါင်းဆောင်တွေရဲ့စကားကို ဂေါ်ဒ်အာမီတွေနားထောင်တာ အတော်ပဲနောက်ကျသွားပါတယ်တဲ့၊ ဘာသာရေးဆိုပြီးတော့ကွယ်၊ ရှေ့မသတင်းခေါင်းကြီးတွေနဲ့အင်တာဗျူးတွေလုပ်ခဲ့ပြီးတော့မှ၊ ခုတော့ မကယ်နိုင်တော့ဘူးပေါ့တဲ့"

'ဟုတ်ကဲ့ဆရာ၊ ကျော်နီနဲ့လူသာတို့ညီအကို လက်နက်ချကြတာလည်း ပြောပါဦးဆရာ'

"၂၀၀၁ ခုနှစ် ဂျန်နဝါရီလရောက်တော့ ဂေါ်ဒ်အာမီဟာ နအဖကိုတိုက်ခိုက်နေတာလည်း လေးနှစ်ရှိပြီပေါ့၊ ဒီကြားထဲ ရိက္ခာပြဿနာတွေလည်းတက်လာပါတယ်၊ လူတွေကလည်းနည်းလာတယ်၊ ကျော်နီနဲ့လူသာတို့ဟာ လက်နက်ချလိုက်ကြပါတယ်၊ ဒီတုန်းကဝန်ကြီးချုပ်က 'ချွမ်လီပိုင်' ဆိုတော့ သူတို့အမွှာညီအကိုအပါအဝင်ကို 'ဆွမ်ဖန်' (Suan Phung) မှာလာရောက်တွေ့ဆုံပါတယ်၊ ၂၀၀၃ ခုနှစ် ဌန်လ ၁၂ ရက်နေ့မှာ လူသာဟာ ကန်ချနာဘူရီ (Kanchanaburi) ခရိုင်၊ တုန်ရန်း (Ton Yang) ကင့်ထဲကနေပြီး မာက်စ်မီယီယန်နဲ့တွေ့ပါတယ်"

'တွေ့တော့ ဘာများပြောကြသေးသလဲဆရာ'

"သူတို့ညီအကိုက ဒီတသက်လက်နက်တော့မကိုင်တော့ပါဘူးမိတ်ဆွေ သူငယ်ချင်းတွေနဲ့တွေ့ဆုံရန်သာ ရွာကိုတော့ ပြန်ချင်တယ်ဗျာလို့ ပြောပါတယ်"

"ဂေါ်ဒ်အာမီရဲ့အတွင်းရေးမှူးဟောင်း စောတိုးတိုးနဲ့အချို့ကတော့ လမ်းခွဲပြီး ဒုက္ခသည်အာမခံချက်အရ အမေရိကန်ကိုထွက်သွားကြပါတယ်၊ ဂေါ်ဒ်အာမီ မိသားစုဝင်ပေါင်း ၄၁၈ ဦးတို့ကိုတော့ ထိုင်းနိုင်ငံအတွင်းနဲ့ တာကိုလန်ဒုက္ခသည်စခန်းတွင်းကို နအဖနဲ့ထိုင်းအာဏာပိုင်တွေက မောင်းသွင်းလိုက်ကြပါတယ်"

## (၅)

"ဒီအထဲမှာ ကံကောင်းသူကတော့ စွမ်းအားမြင့်ခေါင်းဆောင်နဲ့ ကွန် မင်ဒိုရဲသီဟပါပဲ မောင်ချစ်ဖူး"

'ရဲသီဟကံကောင်းပုံကိုလည်း ပြောပါဦးဆရာ'

"အေးကွယ်၊ 'ပြည်ပရောက်မြန်မာကြီး' လည်း ဘန်ကောက်ရှိမြန်မာသံရုံးစီးနင်းမှုမှာ ထောက်လှမ်းရေးတွေကိုအလုပ်အကျွေးပြုရင်းက နလုံးရောဂါနဲ့ ရုတ်တရက်ကွယ်လွန်သွားရရှာတယ်၊ ခု ရဲသီဟကိုလည်း ထိုင်းရဲအဖွဲ့က ဖမ်းဆီးမယ့်ဆဲဆဲမှာ ပြည်ပကထောက်လှမ်းရေးအဖွဲ့တဖွဲ့က အချိန်မီဝင်ကယ်လိုက်လို့ပေါ့ကွယ်၊ ဒီအတွက် ခုထိ ရဲသီဟ အဖမ်းမခံရသေးတာပေါ့"

'သင်းအုပ်ဆရာ ရွှေဗျားရယ်၊ အမွှာညီအကိုတို့တတွေနဲ့ မိသားစုရယ် လက်နက်ချပုံလည်းပြောပြပါဦးဆရာ'

"၂၀၀၃ ခုနှစ် ဩဂုတ်လမှာ ရွှေဗျားက နအဖထံမှာအလင်းဝင်သွားပါတယ်၊ နောက်ပိုင်း သူက အမွှာညီအကိုထံဆက်သွယ်ပြီး သူတို့ရဲ့မိဘတွေအပါအဝင် နယ်စပ်မှာ လက်နက်ချကြပါတယ်၊ ဒါကြောင့် စာမျက်နှာ ၄ မှာ 'ကျော်နီ/လူသာထူး' ညီအကိုဓါတ်ပုံနဲ့ ၂၀၀၆ ခုနှစ် ဂျူလိုင်လရောက်ပြန်တော့ စာမျက်နှာ ၅ မှာ သူတို့ရဲ့ဖခင်၊ မိခင်တို့အပြင် သူတို့ရဲ့ သုံးနှစ်ရွယ်ညီမလေးပုံအပါအဝင် စုစုပေါင်း ၅ ဦးပုံကိုဖော်ပြထားပါတယ်ကွယ်၊ ဒါက ထိုင်း–မြန်မာနယ်စပ်ကင့်ထဲကဓါတ်ပုံတွေပါပဲ"

'ကျနော်တခုမေးချင်ပါတယ်ဆရာ၊ ကျနော်တို့က 'မနီလွိုင်ကင့်' က

တဘက်သို့

# ၈၈ ကျောင်းသားခေါင်းဆောင် ကိုသိန်းသန်းထွန်း ထောင်ဆေးရုံတက်

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ အင်းစိန်ထောင်မှာ ကျခံနေရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် တဦးဖြစ်သူ သိန်းသန်းထွန်း (ခေါ်) စမ်းချောင်း ကိုကိုကြီးဟာ ထောင်ဆေးရုံတက်နေရပြီး ကိုယ်လက် လေ့ကျင့်ခန်းလုပ်နေရတယ်လို့ မိသားစုနဲ့ နီးစပ်သူတွေကပြောပါတယ်။

အခု ရာသီက အေးပြီး ထောင်တွင်းမှာ နွေးနွေးထွေးထွေးမရှိတာ၊ လမ်းလျှောက်ခွင့်နည်းပါးတာ၊ လုံလောက်တဲ့ ကိုယ်လက်လှုပ်ရှားမှုမရှိတာတွေ ကြောင့် ထုံကျင်ကိုက်ခဲတဲ့ဝေဒနာ အနည်းနဲ့အများ ခံစားနေကြရတယ်လို့ ဆိုပါ တယ်။ အင်းစိန်ထောင်မှာ စမ်းချောင်းကိုကိုကြီး အပါအဝင် ၈၈ မျိုးဆက် ကျောင်းသား ၁၃ ယောက်ကျန်ရှိနေပါတယ်။ အဲဒီ ၁၃ ယောက်ကတော့ ထောင်ဒဏ် ၁၁ နှစ်ကျသူ ၈ ဦးနဲ့ ထောင်ဒဏ် ၉ နှစ်ကျသူ ၅ ဦးတို့ ဖြစ်ပါ တယ်။ ၁၁ နှစ်ကျသူ ၉ ဦးက သိန်းသန်းထွန်း (ခေါ်) စမ်းချောင်းကိုကိုကြီး၊ ဇော်ထက်ကိုကို၊ ချစ်ကိုလင်း၊ မလေးလေးမွန်၊ မနိုဘယ်အေး (ခေါ်) နှင်းမေ အောင်၊ မနှင်းရီ (ခေါ်) နိုးနိုး၊ မသဇရဖီသိမ့်သိမ့်ထွန်း၊ မအေးသီတာတို့ ဖြစ်ပါ တယ်။ သူတို့ကို သင်းဖွဲ့ပုဒ်မ ၁ ခုနဲ့ ထောင် ငါးနှစ်၊ ပုဒ်မ ၅၀၅ (ခ) နဲ့ သုံးမှု အတွက် ခြောက်နှစ်၊ စုစုပေါင်း ၁၁ နှစ်ဖြစ်ပါတယ်။ ထောင် ၉ နှစ်ကျသူ ငါးဦးက ကိုသော်ဇင်ထွန်း၊ ကိုကြည်သန်း၊ စောမျိုးမင်းလှိုင် (ခေါ်) ဂျိမ်း၊ ကိုအောင်သိုက်စိုး၊ ဒေါ်စန်းစန်းတင်တို့ ဖြစ်ပါတယ်။

သူတို့ကို တရားမဝင်အသင်း ဖွဲ့စည်းတာကို အားပေးကူညီမှုနဲ့ ထောင် ၃ နှစ်၊ ပုဒ်မ ၅၀၅ (ခ) နဲ့ သုံးမှုအတွက် ခြောက်နှစ်၊ စုစုပေါင်း ၉ နှစ်ဖြစ်ပါတယ်။ အင်းစိန်ထောင်မှာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ၁၃ ဦးအပြင် နိုင်ငံရေးအကျဉ်းသားတွေလည်းရှိနေပြီး ခန့်မှန်းခြေအားဖြင့် ၅၀ ဝန်းကျင်လောက်ရှိမယ်လို့ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေက ပြောပါတယ်။ သူတို့ထဲက တချို့ကို နောက်တွဲပုဒ်မတွေနဲ့ ရုံးထုတ်နေဆဲဖြစ်ပါတယ်။ ထောင် ၁၀ နှစ်ခွဲ ချခံထားရတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်ခေါင်းဆောင် ဒီပြိမ်းလင်းကို နောက်တိုး သင်းဖွဲ့ပုဒ်မနဲ့ စွဲဆိုခံရတဲ့အမှုအတွက် ဆက်လက်ရုံးထုတ်နေပါတယ်။ ပြစ်ဒဏ်ချမှတ်ခံထားရပြီးဖြစ်တဲ့ လှိုင်သာယာမြို့နယ်က ၁၁ ယောက်ကိုလည်း နောက်နှစ်မှ ထပ်တိုးမယ်လို့ ထောင်တွင်းသတင်းပျံ့နှံ့နေပေမယ့် ဘာအမှုတွေလဲဆိုတာ မိသားစုဝင်တွေကိုယ်တိုင် စုံစမ်းလို့မရသေးဘူးဖြစ်နေပါတယ်။

နာဂစ် လေမုန်တိုင်းတုန်းက အလောင်းတွေ ကူညီမြှုပ်နှံပေးရင်း ဖမ်းဆီးခံရတဲ့အဖွဲ့တွေ၊ မျိုးဆက်သစ်လူငယ်အစည်းအရုံးနဲ့ အကောင်းဆုံးမြေသြဇာအဖွဲ့က လူငယ်ကျောင်းသားတွေ၊ ဦးပဇင်းဦးစန္ဒိမာအပါအဝင်ခုနှစ်ဦးအမှုတွဲ၊ ၈၈ မျိုးဆက်ကျောင်းသူ မမာမာဦးက ထောင်ကျပြီး နယ်ထောင်ရောက်သွားပေမယ့် ကျန်ရှိတဲ့ သူ့အမှုတွဲ ခြောက်ယောက်စတာတွေ ကျန်ရှိနေပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ကိုမင်းကိုနိုင်အပါအဝင် ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေ၊ သံဃာတွေ၊ တရားရုံးချုပ်ရှေ့နေတွေ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူတွေအပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၅၀ ကျော်ဟာ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခံရ၊ နယ်ထောင်တွေဆီ ဖြန့်ခွဲ အပို့ခံရတာကြောင့် သူတို့ရဲ့မိသားစုဝင်တွေ ဒုက္ခရောက်ကြရပါတယ်။

တရားသူကြီးတွေက အထက်အာဏာပိုင်တွေရဲ့အမိန့်ကိုစောင့်ပြီး ပြစ်ဒဏ်ချခဲ့တဲ့ အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီး ထောင်ချခဲ့တာဖြစ်တယ်လို့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေက အခိုင်အမာပြောကြပါတယ်။

# အဖွဲ့ချုပ်က လူငယ်များအရေး ဆွေးနွေး

**DVB ၊ ဒီဇင်ဘာ ၂၉ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီပါတီက ပါတီလုပ်ငန်းတွေ အရှိန်မြှင့် လုပ်ဆောင်နိုင်ဖို့ လူငယ်ဖွဲ့စည်းရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်တော့မယ်လို့ အဖွဲ့ချုပ်က ပြောပါတယ်။

လူငယ်ပြန်လည်ဖွဲ့စည်းဖော်ဆောင်ရေးအတွက် ရန်ကုန်၊ ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ်ရုံးမှာ လူငယ်ဖွဲ့စည်းဖော်ဆောင်ရေးအဖွဲ့က ဦးဆောင်ပြီး ဒီကနေ့ ဆွေးနွေးပွဲပြုလုပ်ခဲ့ပါတယ်။ အဖွဲ့ချုပ်လုပ်ငန်း ကော်မတီတွေနဲ့၊ မြို့နယ်လူငယ်တွေက ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလုပ်ဆောင်မှုဟာ အဖွဲ့ချုပ်ရဲ့ မူလလမ်းညွှန်ချက်အတိုင်း လုပ်ဆောင်တာဖြစ်တယ်လို့ အန်အယ်လ်ဒီရဲ့ပြောခွင့်ရ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။ “လမ်းညွှန်မှုတွေ ရှိပြီးသားပါ။ ကျနော်တို့ သက်ဆိုင်ရာပြည်နယ်၊ တိုင်းတွေမှာ အထောက်အကူပြုအဖွဲ့တွေ၊ လူငယ်အထောက်အကူပြုတွေ ဖွဲ့မယ်။ အဲဒီကနေ အမည်စာရင်းပေးမယ်။ အဲဒီအမည်စာရင်းတွေကို ညှိနှိုင်းပြီးတော့မှ ပြန်လည်ဖွဲ့စည်းရေးလုပ်မယ်။ ဒါအဖွဲ့ချုပ် CEC ရဲ့ညွှန်ကြားချက် ရှိပြီးသားပါ။” ဒီကနေ့ဆွေးနွေးပွဲကို အဖွဲ့ချုပ်ဝင် လူငယ်တွေနဲ့ အတူ အဖွဲ့ချုပ်ဝင် ၁၀၀ ကျော် တက်ရောက် ဆွေးနွေးခဲ့ကြပါတယ်။ နေအိမ်အကျယ်ချုပ်ချထားတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ သဘောတူဆုံးဖြတ်ကြတယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

**တဘက်မှ**

လာတော့ ကျော်နီတို့ ပေဒါတို့အပေါ် သံယောဇဉ်လည်းရှိကြပါတယ်၊ ခုတော့ သင်းအုပ်ဆရာရွှေဖျားလည်း လက်နက်ချသွားပုံ၊ ဂျော်နီ/လူသာနဲ့မိသားစုတွေလည်း ကင့်ထဲရောက်သွားပုံ စုံပါတယ်၊ ဒီတော့ဆရာ ကျော်နီ (Kyaw Ni) နဲ့ ပေဒါ (Pida) တို့နှစ်ယောက်က ထိုင်းမှာလက်နက်ချကြသလား၊ မြန်မာနိုင်ငံဘက်ပြန်ပြီး အလင်းဝင်ကြပါသလားဆရာ’

“မောင်ချစ်ဖူး၊ ကိုယ်လည်း ဩစတြေးလျားရောက်တာ ၁၂ နှစ်ရှိပြီ၊ ရောက်ခါစတော့ကွယ် လူ့သဘာဝအရ ဟိုနည်းနည်းပါ ဒီနည်းနည်းပါပေ့ါကွယ်၊ ကြာလာတော့ ပါဘို့မကောင်းမှန်းသိလာတော့ ကိုယ် ဘုန်းတော်ကြီးကျောင်းတောင် မှန်မှန်မသွားတော့ပါဘူး၊ စာရေးဆရာဆိုတာ လက်နက်ကရှိပြီးသားပဲလေ၊ အပြင်မှာလက်နက်တွေသွားရှာဘို့ မလိုပါဘူးကွယ်”

‘ဒီအချက်တော့ နားလည်ပါတယ်ဆရာ’

“ခု ကိုယ်ရေးနေ ပြောနေတာက မာက်စ်မီလီယန် (Maxmilian Wechsler) ပြောတာ ရေးတာတွေပါ၊ သူ့ရဲ့စာမျက်နှာ ၅ အဆုံးသတ်မှာက ပေဒါကတော့ ရပ်ချ်ဘူရီဆေးရုံစီးနင်းမှုမှာ ကွယ်လွန်သွားပါတယ်၊ ကျော်နီကတောတွင်းမှာ နှစ်ပေါင်းအတန်ကြာ သူ့ကံကြမ္မာကို ပြည်ပရောက်သမားတွေ ဆွေးနွေးနေကြဆဲကပဲ နောက်ပိုင်းမှာ လျှို့ဝှက်သဲဖို ပဟေဠိဆန်ဆန်နဲ့သေဆုံးသွားပါတယ်တဲ့မောင်ချစ်ဖူးရယ်”

‘၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁ ရက် ပြည်ပရောက်ပုဂ္ဂိုလ်ကြီး ဘန်ကောက်မှာကွယ်လွန်တော့လည်း သဲထိတ်ရင်ဖိုနဲ့ ပဟေဠိဆန်ဆန်ပဲ၊ ခု ကျော်နီ တောတွင်းမှာအကြာကြီးနေပြီးတော့မှ ကွယ်လွန်တော့လည်း သဲထိတ်ရင်ဖိုနဲ့ ပဟေဠိဆန်ဆန်ပါပဲလားဆရာ၊ ဒါဆိုရင် ဂေါ်ဒ်အာမီနဲ့ စွမ်းအားမြင့်တို့ မလာနိုင်ကြတော့ဘူးပေ့ါဆရာ’

“အမွှာညီအကိုကတော့ လက်နက်ကိုင်ဆိုရင် တော်ပါပြီဆိုတော့ကွယ် ခုလောလောဆယ်မှာတော့ ပြည်တွင်းမှာပေါက်ကွဲတာမှန်သမျှ စွမ်းအားမြင့်လို့ပြောနေကြပြီပဲ၊ အေးလေ၊ ရေတွေကတော့ အမြဲပဲစီးဆင်းနေတာပဲ၊ မိုးတိမ်မိုးတိုက်တွေဟာလည်းပဲ အမြဲပဲလွင့်နေတာပဲ၊ မောင်ချစ်ဖူးရေ မှိုပွင့်တွေကတော့ကွယ် အချိန်တန်တော့ မြေကြီးတွေထဲကပေါ်လာကြတာပဲမဟုတ်လားကွယ်၊ စစ်အစိုးရရှိနေသရွေ့ကတော့ ဒို့တတွေလည်း အမျိုးမျိုးကိုတွေးတောကြံဆနေကြနေကြရဦးမှာပေ့ါ မောင်ချစ်ဖူးရယ်”

# ၂၀၀၈ ခုနှစ်အတွင်း ဒီမိုကရေစီအင်အားစုများ အစွမ်းကုန်ကြိုးပမ်းခဲ့ကြ ၊ အောင်မြင်မှုမရ

**DVB ၊ ဒီဇင်ဘာ ၃၁ ။** ။ ၂၀၀၈ ခုနှစ် မြန်မာ့နိုင်ငံရေးအခြေအနေကို ပြန်ပြောင်းကြည့်မယ်ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးဖြစ်လာဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒီမိုကရေစီအင်အားစုတွေက အစွမ်းကုန်ကြိုးပမ်းခဲ့ပေမဲ့ အောင်မြင်မှုမရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးပထမခြေလှမ်းအဖြစ် နေအိမ်အကျယ်ချုပ်ချခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ တောင်းဆိုတာတွေ လည်း အရာမထင်ခဲ့ဘူးလို့ ပြောရမှာပါ။

အဖွဲ့ချုပ်က ၂၀၀၈ ခုနှစ်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်ဖြစ်ရမယ်လို့ နိုင်ငံရေးရည်မှန်းချက်အဖြစ် နှစ် ၆၀ ပြည့် လွတ်လပ်ရေးနေ့ကတည်းက ထုတ်ဖော်ပြောခဲ့ပေမဲ့ အဲဒီရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိပါဘူး။

ဘယ်လိုအခက်အခဲအတားအဆီးတွေကြောင့် ဒီရည်မှန်းချက် အကောင်အထည်မဖော်နိုင်တာလဲ ဆိုတာကို အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက တိုင်းပြည်ရဲ့အာဏာကိုရယူထားတဲ့ ပုဂ္ဂိုလ်များက ပြည်သူလူထုအတွက် စေတနာဘယ်လောက်ထားသလဲဆိုတဲ့အပေါ်မှာ မူတည်ပါလိမ့်မယ်၊ စေတနာထားမယ်ဆိုရင် ဒီမိုကရေစီ လူ့အခွင့်အရေးကို ဖော်ဆောင်ပေးမှာပါ။ ဒါကို မဖော်ဆောင်သေးတဲ့အခါမှာ အာဏာရယူထားတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ သူတို့ရဲ့ စေတနာကို ခုချိန်အထိ ပြသတာမတွေ့ရသေးဘူးလို့ ခြုံပြီးတော့ ပြောချင်ပါ တယ်။ လက်ခုပ်က တဘက်ပဲတက်လာတယ်၊ နောက်တဘက်က မတက်ဘူး ဆိုတော့ တွေ့ဆုံဆွေးနွေးရေးမဖြစ်ဘူးပေ့ါ လို့ ပြောချင်ပါတယ်။

ဇန်နဝါရီလ ၃၀ ရက်နေ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်လူကြီးတွေ နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံစဉ်ကလည်း အချိန်သတ်မှတ်ချက်မပါတဲ့ နအဖဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံဆွေးနွေးရမှုအပေါ် အားရကျေနပ်မှုမရှိဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၉ ရက်နေ့မှာတော့ နအဖက ဖွဲ့စည်းပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲနဲ့ ၂၀၁၀ ရွေးကောက်ပွဲအသစ်ကျင်းပမယ်လို့ ကြေညာခဲ့ပါ တယ်။ ဒီလိုဖွဲ့စည်းပုံဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲအသစ်လုပ်ပြီး အာဏာလွှဲပြောင်း ရေးကိစ္စ လုပ်ဆောင်သွားမယ်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် မတ်လ ၂၇ ရက် တပ်မတော်နေ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ကြေညာခဲ့တဲ့အတိုင်း မေလ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လူပေါင်း တသိန်းကျော် သေပျောက်ခဲ့ရလို့ ပြည်သူတွေ ဒုက္ခသောကဝေနေချိန်မှာ နအဖက ဆန္ဒခံယူပွဲလုပ်၊ ၉၂ ရာခိုင်နှုန်း လူထုထောက်ခံမှုရတယ်ဆိုပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို အတည်ပြုခဲ့ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု သုတေသနမှူး ဦးဌေးအောင်က ပြောပါတယ်။

စစ်အစိုးရအနေနဲ့ ပြည်သူလူထု ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် သေသေ သူတို့ ဂရုစိုက်မှာမဟုတ်ဘူး၊ သူတို့လက်ထဲကအာဏာ လက်မလွှတ်ရေးက အဓိကဖြစ်တယ်လေ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီ နဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ ဘာတွေဆောင်ရွက်နိုင်ခဲ့သလဲ၊ သူတို့ရဲ့ကြိုးပမ်းမှုတွေ အောင်မြင်မှုရှိခဲ့သလားဆိုတာကို စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင် က တကယ်လိုအပ်နေတာက တိုင်းပြည်တွင်းမှာ အမျိုးသားပြန်လည်ဆွေးနွေးရေးဆိုတာ တည်ဆောက်ဖို့လိုအပ်ပါတယ်၊ ဒီကနေတဆင့် တိုင်းပြည်ပြန်လည်ထူထောင်ဖို့လိုတယ်ဆိုတာ သိတဲ့အတွက် တမျိုးသားလုံးညီညွတ်အောင် အထူးသဖြင့် နဝတ နအဖအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနဲ့ ဒီမိုကရေစီအင်အားစုတွေ သင့်မြတ်အောင် အန်ကယ်တို့ဘက် အတတ်နိုင်ဆုံးတည်ဆောက်ဖို့ တိုက်တွန်းတယ်၊ ကြိုးလည်းကြိုးစားတယ်။

**စာမျက်နှာ ၁၃ သို့**

# မြန်မာပြည်သူလူထုအတွက် အမေရိကန်အစိုးရရဲ့ လွတ်လပ်ရေးနေ့သဝဏ်လွှာ

**VOA ၊ ဇန်နဝါရီ ၃ ။** ။ မနက်ဖန်ကျရောက်မယ့် ဇန်နဝါရီလ ၄ ရက်နေ့ ဆိုရင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့တာ ၆၁ နှစ်ပြည့်မြောက်ခဲ့ပါပြီ၊ မနက်ဖန်ကျရောက်မယ့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရင်းနဲ့ စစ်အာဏာရှင်လက်အောက် ဖိနှိပ်မှုတွေကနေ လွတ်မြောက်အောင်၊ ဒီမိုကရေစီစနစ်တည်ဆောက်နိုင်အောင် ကြိုးပမ်းအားထုတ်နေကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့ ငြိမ်းချမ်းတဲ့ လှုပ်ရှားမှုတွေကို အမေကန်ပြည်ထောင်စုက ဆက်လက်ထောက်ခံအားပေးသွားမှာ ဖြစ်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက ဇန်နဝါရီလ ၂ ရက်နေ့က ကြေညာချက် ထုတ်ပြန်ပါတယ်။

နိုင်ငံခြားရေးဌာနပြောခွင့်ရ Sean McCormack ရုံးမှ Gordon Duguid က ကြေညာချက်ကို အခုလိုဖတ်ပြခဲ့ပါတယ်။

"ဇန်နဝါရီ ၄ ရက်နေ့ဟာ မြန်မာနိုင်ငံရဲ့ ၆၁ နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်တဲ့အတိုင်း အခုလို အချိန်အခါသမယမှာ မြန်မာနိုင်ငံသားတွေအတွက် အမေရိကန်ပြည်ထောင်စုက နွေးထွေးတဲ့ဆုမွန်ကောင်း မေတ္တာတွေပို့သပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွေကို ပြန်ပြောင်းတွေးမိစေသလို ကျနော်တို့ အမေရိကန်နိုင်ငံရဲ့သမိုင်းကိုလည်း ပြန်ပြီး သတိရအောက်မေ့စေပါတယ်"။

"ဘယ်လိုနေရာမျိုးမှာဖြစ်ဖြစ် အခြေခံလူ့အခွင့်အရေးတွေကို လွတ်လွတ်လပ်လပ်ကျင့်သုံးနိုင်ဖို့အတွက် တိုက်ပွဲဝင်နေကြတဲ့ ငြိမ်းချမ်းတဲ့ လှုပ်ရှားသူတွေကို အမေရိကန်ပြည်ထောင်စုက အမြဲတမ်းထောက်ခံအားပေးနေပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ လွတ်လပ်ပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ဖို့ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အမြော်အမြင်တွေကို ကျနော်တို့လေးစားဂုဏ်ပြုရင်းနဲ့ အမေရိကန်ပြည်ထောင်စုဟာ ဒီကနေ့ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည် နေပါတယ်။ လွတ်လပ်ခြင်းနဲ့ ဒီမိုကရေစီရဲ့ အသီးအပွင့်တွေကို မြန်မာနိုင်ငံသားတွေခံစားနိုင်မယ့်နေ့ အမြန်ဆုံးရောက်ရှိလာလိမ့်မယ်လို့ မျှော်လင့်စောင့်စားနေပါတယ်"။

မနက်ဖြန် ကျရောက်မယ့် လွတ်လပ်ရေးနေ့မတိုင်ခင် အမေရိကန်ပြည်ထောင်စုက အခုလို ကြေညာချက်ထုတ်ပြန်ပြီးတော့ မြန်မာပြည်သူတွေရဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှုတွေကို အားပေးထောက်ခံနေတဲ့အကြောင်း အလေးပေးဖော်ပြတာဖြစ်ပါတယ်။

ဒါနဲ့ တဆက်တည်း အမေရိကန်သမတ George W. Bush ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon နဲ့ Mrs.Ban Soontaek တို့ကို ဇန်နဝါရီ ၆ ရက်နေ့ကျရင် နေ့လည်စာညေ်ခံကျွေးမွေးရင်း ကုလသမဂ္ဂရဲ့ ရှေ့အနာဂတ်ကိစ္စတွေနဲ့ ကမ္ဘာတဝှမ်းက အရေးတကြီးဖြေရှင်းရမယ့်ကိစ္စရပ်တွေကို ဆွေးနွေးကြဖို့ရှိပါတယ်။ ဒီအကြောင်းအရာတွေထဲမှာ ကုလသမဂ္ဂအတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စ၊ အရှေ့အလယ်ပိုင်းကိစ္စ၊ ဆိုမာလီးယားအရေးနဲ့ ဒါဖောဒေသမှာ ငြိမ်းချမ်းရေးတပ်တွေထားရှိရေးကိစ္စတွေအပြင် မြန်မာနိုင်ငံအရေးကိုလည်း အလေးပေးဆွေးနွေးကြဖို့ရှိကြောင်း သိရှိရပါတယ်။



# သတင်းတိုထွေ ဖတ်စရာကဏ္ဍ

ကျော်စံကွေး

## ထိုင်းပေါ်လစီသစ်

ထိုင်းနိုင်ငံမှာ အသစ်ပေါ်ပေါက်လာတဲ့ ဒီမိုကရက်တစ်ပါတီဦးဆောင်တဲ့ ညွန့်ပေါင်းအစိုးရရဲ့မြန်မာပြည်ဆိုင်ရာပေါ်လစီဟာ အရင်ပေါ်လစီတွေနဲ့မတူ နအဖနဲ့ သိပ်ပြီးတော့ ပူလဲနံပသင့်မယ့်ပေါ်လစီမျိုးမဟုတ်ဘူးလို့ သိရပါတယ်။ **(IPS, 31.1.2008)**

## မုန်တိုင်းအတွက်ပြင်ဆင်ရန်

ကုလသမဂ္ဂက ကျွမ်းကျင်ပညာရှင်တဦးက လာမယ့်မိုးရာသီမုန်တိုင်း ကာလအတွက် မြန်မာနိုင်ငံတွင်းမှာ အမျိုးမျိုးအသုံးပြုလို့ရတဲ့ အဆောက်အဦ တွေတည်ဆောက်ဖို့လိုအပ်တယ်လို့ အကြံပေးလိုက်ပါတယ်။ ယူအဲန်ဒီပီက Dillip Kumar Bhanja က ရေ၊ သန့်ရှင်းရေး၊ တိရိစ္ဆာန်များနေရန်၊ သံမဏိ အားဖြည့်ကွန်ကရိနံရံ၊ သံပြားအကာအရံ စတာတွေကို တည်ဆောက်ဖို့လိုတယ်လို့ ဆိုပါတယ်။ **(IRNA, 31.12.2008)**

## နာဂစ်ဒဏ်ခံဒေသပညာရေးကျဆင်းဖွယ်

မြန်မာပြည်တွင်းပညာရေးအခြေအနေကျဆင်းနေရတဲ့အထဲမှာ နာဂစ်မုန်တိုင်းဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပညာရေးနဲ့ပတ်သက်ပြီး လုံလောက်မှုရှိအောင် မလုပ်နိုင်တဲ့အတွက် ကလေးတွေရဲ့ပညာရေး အခြေအနေ ပိုဆိုးလာဖွယ်ရှိတယ်လို့ သိရပါတယ်။ ဘိုကလေးမှာဆိုရင် ကျောင်းတက်တဲ့ ကလေးအရေအတွက် လျော့နည်းလာနေပါတယ်။ **(DVB, VOB, 31.12.2008)**

## ကျဘမ်းစကားပြောပြိုင်ပွဲ

အဲန်အဲလ်ဒီက လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျဘမ်းစကားပြော ပြိုင်ပွဲကိုကျင်းပတယ်လို့ သိရပါတယ်။ နိုင်ငံရေး၊ အမျိုးသားစည်းလုံးရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မန္တလေး၊ ကချင်၊ မကွေး၊ ရန်ကုန်၊ ရခိုင် က အဖွဲ့ချုပ်ဝင်တွေ ဝင်ရောက်ယှဉ်ပြိုင်ကြတယ်လို့ သိရပါတယ်။ **(DVB, 2.1.2009)**

## မြောက်ကိုရီးယားများအားနှင်ထုတ်

ပြီးခဲ့တဲ့လက မြန်မာနိုင်ငံထဲကို တရားမဝင်ခိုးဝင်ခဲ့တဲ့အတွက် ဖမ်းဆီး ခဲ့တဲ့ မြောက်ကိုရီးယားက ထွက်ပြေးလာတဲ့သူ ၁၉ ဦးကို နအဖစစ်အာဏာရှင် တွေက ထိုင်းနိုင်ငံကိုနှင်ထုတ်တော့မယ်လို့ သိရပါတယ်။ တာချီလိတ်တရားရုံး က ဆုံးဖြတ်ခဲ့တာဖြစ်ပြီး လဝက ဥပဒေအရ အခုလိုနှင်ထုတ်မှာဖြစ်တယ်လို့ ဆိုပါတယ်။ **(AFP, 1.1.2009)**

## ဒေါ်စုကျန်းမာရေးကောင်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့ ဆရာဝန် ဒေါက်တာ တင်မျိုးဝင်းနဲ့ တွေ့ဆုံခွင့်ရခဲ့တယ်လို့ အဲန်အဲလ်ဒီတာဝန် ရှိသူတွေက ပြောပါတယ်။ ဂျန်နဝါရီလအတွက် ပုံမှန်တွေ့ဆုံမှုဖြစ်ပြီး ကျန်းမာရေး ရေးကောင်းတယ်လို့ ဒေါက်တာတင်မျိုးဝင်းပြောဆိုချက်ကို ကိုးကားပြောဆို လိုက်ပါတယ်။ **(DPA, 1.1.2009)**

## ဂျာနယ် မဂ္ဂဇင်းများပိတ်ပင်

နအဖစစ်အာဏာပိုင်တွေရဲ့ စာပေစိစစ်ရေးအဖွဲ့က ဂျာနယ် ၁၁ စောင်နဲ့ မဂ္ဂဇင်း ၂၀ ကို ထုတ်ဝေခွင့် ပိတ်ပင်လိုက်တယ်လို့ သိရပါတယ်။ အကြောင်းကတော့ သက်တမ်းတိုးဖို့မလုပ်တဲ့အတွက်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံတွင်းမှာ မဂ္ဂဇင်း ၂၅၀ ကျော်နဲ့ ဂျာနယ် ၂၀၀ ကျော်ထုတ်ဝေရောင်းချနေတယ်လို့ သိရပါတယ်။ ပုံနှိပ်တိုက်ပေါင်း ၅၀၀၀ ရှိပြီး ထုတ်ဝေသူ ၇၅၉ ဦးရှိတယ်လို့ နအဖရဲ့ စာရင်းတွေအရ သိရပါတယ်။ **(XINHUA, 3.1.2009)**

## အဲန်အဲလ်ဒီမကွဲပါ

အဲန်အဲလ်ဒီခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က နအဖက ကျင်းပမယ်ဆိုတဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဲန်အဲလ်ဒီထဲမှာ သဘောထားကွဲလွဲမှုရှိတယ်ဆိုတဲ့ကိစ္စဟာ မဟုတ်ဘူးလို့ ငြင်းဆိုလိုက်ပါတယ်။ အီတလီသံတမန်တဦးကို ဦးဝင်းတင်က ပါတီတွင်းမှာ တချို့က ရွေးကောက်ပွဲဝင်လိုပြီး တချို့က မဝင်လိုဘူးလို့ဆိုပါတယ်။ ဒါပေမဲ့ အဲန်အဲလ်ဒီဟာ စစ်တပ်ကျောထောက်နောက်ခံနဲ့ကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ဖို့ မစဉ်းစားသေးဘူးလို့ ဆိုပါတယ်။ **(IRRAWADDY, 2.1.2009)**

## ဓာတ်မြေသြဇာလိုအပ်

ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းတွေအတွက် ဓာတ်မြေသြဇာ အမြောက်အမြားလိုအပ်နေတယ်လို့ သိရပါတယ်။ ပြည်တွင်းထုတ်လုပ်မှု တန်ချိန် တသိန်းရှိပြီး အမှန်တကယ်လိုအပ်တာက နောက်ထပ် တန်ချိန် ၉ သိန်းဖြစ်တယ်လို့ စိုက်ပျိုးရေးဌာနတခုရဲ့ပြောဆိုချက်အရသိရတာဖြစ်ပါတယ်။ **(XINHUA, 2.1.2009)**

**စာမျက်နှာ ၁၂ မှ**

ဒါပေမဲ့ လက်ရှိအာဏာကိုရယူထားတဲ့ နဝတ နအဖ အင်အားစုတွေ ဘက်ကတော့ ဒါတွေကို လျစ်လျူရှုပြီး တဘက်သတ်ချမှတ်ထားတဲ့လုပ်ငန်းစဉ် တွေနဲ့ပဲ ဆက်သွားဖို့ပြင်ဆင်နေတာကိုပဲ တောက်လျှောက်တွေ့နေရတယ်၊ ဒီအပေါ်မှာ တဘက်က ဘယ်လိုပဲ အပေးအယူလုပ်လုပ် ညှိနှိုင်းနေပါစေ၊ ပြောသမျှ လုပ်သမျှ အရာမထင်တဲ့အနေအထားမှာရှိတယ်လို့ သုံးသပ်တင်ပြပါတယ်။

မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်လာဖို့၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ရေးဖြစ်လာဖို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ပေးနေတဲ့ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ မြန်မာပြည်ခရီးစဉ်တွေအတွင်း အထူးခြား ဆုံးကတော့ ဩဂုတ်လအတွင်းက နောက်ဆုံးအကြိမ်သွားခဲ့တဲ့အထဲမှာ ဒေါ်အောင်ဆန်းစုကြည်က သူနဲ့တွေ့ဖို့ငြင်းဆိုခဲ့ခြင်းပါပဲ၊

မစ္စတာဂမ်ဘာရီရဲ့ကြိုးပမ်းမှုတွေ မတိုးတက်မှုအပေါ်မှာ မကျေနပ်တာ ကြောင့် ထွက်မတွေ့တာဖြစ်နိုင်တယ်လို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က မစ္စတာဂမ်ဘာရီနဲ့မတွေ့လိုက်တာဟာ မြန်မာ့နိုင်ငံ ရေးအပေါ် အတော်လေးဂယက်ရိုက်သွားပါတယ်။ တဘက်မှာလည်း မစ္စတာ ဂမ်ဘာရီရဲ့ အောင်မြင်မှုမပြနိုင်တဲ့ဆောင်ရွက်ချက်တွေအပေါ် ဝေဖန်သံတွေ လည်း တိုးလို့လာခဲ့ပါတယ်။

# ပစ္စည်းပျောက်မှုတွေကို ဆိုင်ရာရဲစခန်းက အရေးတယူဆောင်ရွက်ခြင်းမရှိ

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်အတွင်း မကြာခဏဆိုသလို ပစ္စည်းပျောက်မှုတွေဖြစ်ပွားနေပြီး သက်ဆိုင်ရာ ရဲစခန်းကို သွားရောက်တိုင်ကြားရာမှာ အရေးယူဆောင်ရွက်ပေးတာ မရှိဘူးလို့ မြို့ခံတွေက ပြောနေကြပါတယ်။

ပစ္စည်းပျောက်မှုတွေ ခဏခဏ ဖြစ်ပေါ်နေတာဟာ စီးပွားရေး အဆင်မပြေတာကြောင့် ဖြစ်ပေမယ့် ပစ္စည်းပျောက်သူတွေအတွက် သက်ဆိုင်ရာရဲစခန်းက အရေးယူဆောင်ရွက်ပေးသင့်တယ်လို့ တောင်ဒဂုံမြို့ခံ တဦးက ပြောပါတယ်။

"မြို့နယ်တွေမှာ လူတွေရဲ့ စားဝတ်နေရေးကျပ်တည်းတော့ ခိုးကြတယ်၊ ဖုက်ကြတယ်၊ ပျောက်ကြတယ်။ မရှိတော့လည်း ယူကြတယ်၊ အဲဒါတွေကို စခန်းတိုင်လည်း ဘာမှ အရေးမယူဘူး။ ရှာလည်း မပေးဘူးဗျ။ အခုလတ်တလော ဝန်ထမ်းတွေလည်း သိပ်အလုပ်မလုပ်ဘူး။ တိုင်တာတော့ ယူထားတယ်၊ ကျနော့်သူငယ်ချင်းဆို စက်ဘီးတွေ ခဏခဏ ပျောက်တယ်။ တနေ့ကဆိုရင် ဒဂုံလမ်းဆုံမှာ ဆိုက်ကားတစီးပျောက်တယ်၊ ပြီးခဲ့တဲ့ ၃ ရက်လောက်က ဒဂုံမြို့သစ်တောင်ပိုင်းမှာ တာဝန်ရှိဝန်ထမ်းဆိုင်ကယ်တစီးအိမ်မှာ လာခိုးသွား တာပေါ့နော်။ ပြီးခဲ့တဲ့ အပတ်တွေမှာ စက်ဘီး၊ ဘက်ထရီအိုးတွေ၊ ကားပစ္စည်း တွေ ခဏခဏပျောက်တယ်။"

ပစ္စည်းပျောက်တိုင်းမှာ အရင်ပစ္စည်းခိုးဖူးသူတွေ အပါအဝင် ထင်ယောင်ထင်မှားနဲ့ မဆိုင်သူတွေပါ မကြာခဏဆိုသလို မတရားဖမ်းဆီးခံရတာတွေရှိတယ်လို့လည်း သူက ပြောပါတယ်။ ပစ္စည်းပျောက်တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး တောင်ဒဂုံ ရဲစခန်း တာဝန်ကျ အရာရှိတဦးနဲ့ ဆက်သွယ်မေးမြန်းထားတာ ဖော်ပြလိုက်ပါတယ်။

"ပစ္စည်းပျောက်တာလည်း အများကြီးပဲ တိုင်ထားတာရှိတယ်။ လက်ရှိအမှုဖွင့် အရေးယူထားတာလည်း အများကြီးရှိတယ်။ ပစ္စည်းပျောက်တာ ဘယ်နှစ်မှုရှိလည်းဆိုတော့ ခင်ဗျားကျနော့်ကို အမိန့်ရှိတာဘယ်သူလည်းမသိဘူး"။

ကျမ ဒီဗွီဘီကပါ။ ဟုတ်ပြီ ပြောပါဦး…

"ပစ္စည်းပျောက်လို့ တိုင်ထားတဲ့အမှုတွေကို သက်ဆိုင်ရာ ရဲစခန်းက အရေးတယူ ဆောင်ရွက်ပေးတာ မရှိဘူးပေါ့နော်။ ဒီလိုမျိုးတိုင်ထားတာ ၁ လ ၂ လကြာပြီ၊ ဒီအတိုင်းပဲ တခါမှ ပစ္စည်းပြန်မရဘူး၊ တရားခံလည်းမမိဘူးပေါ့နော်။ ဒီရဲစခန်းက အရေးတယူ ဆောင်ရွက်ပေးတာ မရှိဘူး။ တရားခံမမိဘူး ဆိုတဲ့ဟာ ကျနော်တို့လည်း ဆောင်ရွက်နေတာပဲ။ ရှာနေ၊ ဖွေနေတာပဲ။ ကျနော်တို့ ရဲမှာ နတ်မျက်စိမရှိပါဘူးခင်ဗျာ။ ဒါ ကျနော်လည်း အမှန်အတိုင်း ပြောပြပါတယ်။ ကျနော်တို့လည်းကြိုးစားပြီး ရှာဖွေနေတာပဲ။"

ဘာကြောင့်မို့လို့ ဒီလို ခိုးမှုတွေ အများအပြားဖြစ်နေတယ်ဆိုတာကို သက်ဆိုင်ရာ ရဲစခန်းအနေနဲ့ ဘယ်လို သုံးသပ်လည်း မသိဘူးနော်…

"မင်းဘယ်သူလဲပြောစမ်းပါ့ကွ။"

ဒီခိုးမှုတွေ ဘာကြောင့်ခဏခဏဖြစ်နေတယ်လို့ ထင်လဲရှင့်…

"မဟုတ်ဘူး မင်းဘယ်ကလဲလို့ပြောတာ။"

ကျမ နော်စေးဖောပါ၊ ဒီဗွီဘီကပါရှင့်။

"ငါ့ကို ဒီဗွီဘီက ဆိုရင် စကားလာမပြောနဲ့လေ။"

တောင်ဒဂုံရဲစခန်း အရာရှိတဦးရဲ့ ပြန်လည်ဖြေဆိုချက် ဖြစ်ပါတယ်။

---

# နိုင်ငံရေးအကျဉ်းသားတဦး တီဘီရောဂါကူးစက်မှုဖြင့် ကွယ်လွန်

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ မန္တလေး အိုးဘိုထောင်မှာ နိုင်ငံရေးအမှုနဲ့အကျဉ်းကျသူ ကျောင်းဆရာတဦး တီဘီရောဂါ ကူးစက်ပြီး မနေ့က ဆုံးပါးသွားတယ်လို့ ကျန်ရစ်သူ ဇနီးသည်က ပြောပါတယ်။

အသက် ၄၅ နှစ်ရှိ အလယ်တန်းပြဆရာ ဦးဌေးလွင်ဦးဟာ ဒီနှစ်ထဲမှာ ထောင်တွင်းက တီဘီရောဂါကူးစက်ပြီး ဆုံးပါးသွားတာဖြစ်ပါတယ်။ ဦးဌေးလွင်ဦးအလောင်းကို ဒီနေ့ လည်ပိုင်းမှာ ထောင်အာဏာပိုင်တွေက ထုတ်ယူလာပြီး၊ ရွာပနကို ကတိုက်ကရိုက်နဲ့ မီးသင်္ဂြိုဟ်ခဲ့ရတယ်လို့ ပြောပါတယ်၊ နိုင်ငံရေးအမှုနဲ့ဆက်နွယ်သူဖြစ်တာကြောင့် အာဏာပိုင်တွေက ဖြစ်သလို အလောင်းကို သယ်ထုတ်လာတယ်လို့ ဇနီးဖြစ်သူ ဒေါ်ခင်လှမြင့်က ပြောပါတယ်။

"သံပြားပေါ်မှာ တွန်းလှည်းပေါ်မှာ စောင်ကြီးနဲ့ပတ်ထားတာကြီးကို လူတယောက်နဲ့ မတူဘူးပေါ့။ တိရစ္ဆာန်တကောင်ကို လုပ်ပေးထားသလိုပဲ။ အဲဒါကို စိတ်မကောင်းဘူး။ ဒါပေမယ့် ကိုယ်ဘက်က ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ကြီးပဲဆိုပြီး ဖြေသိမ့်လိုက်ပါတယ်။ တရားသဘောနဲ့ သူတို့ ဘယ်လိုပဲ လုပ်လုပ်ပါ။ လူ ၃၀ လောက်လေးနဲ့ပဲ ဘုန်းကြီးသုံးပါးကို ပင့်ပြီးတော့ လုပ်လိုက်ရတယ်။ သူတို့က ကိုယ့်ကို အသိမပေးဘဲနဲ့ သူတို့ဟာသူတို့လုပ်သွားရင် ယူကြုံးမရဖြစ်ရမှာ။ သူ့ကိုလည်း မမြင်လိုက်ရ၊ အဲ့လို ပစ်စလက်ခတ်ကြီးဖြစ်သွားမှာ။"

ဦးဌေးလွင်ဦးဟာ မန္တလေး အလက ၁၈ က အလယ်တန်းပြဆရာတဦးဖြစ်ပြီး လစာ တလ ကျပ် ၅၀၀၀ နဲ့ မိသားစုစားဝတ်နေရေးမလုံလောက်တာကြောင့် အိုင်အယ်လ်အိုကိုတိုင်ကြားခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အာဏာပိုင်တွေက ၂၀၀၃ ခု ဒီဇင်ဘာလ ၂၆ ရက်မှာ ဖမ်းဆီးပြီး၊ အရေးပေါ်စီမံမှု အက်ဥပဒေ ၅ ည နဲ့ ထောင်ဒဏ် ၇ နှစ် ချလိုက်တာဖြစ်ပါတယ်။ ဦးဌေးလွင်ဦးဟာ ထောင်မကျခင်တုန်း ဘာရောဂါမှမရှိဘူး၊ အိုးဘို ထောင်မှာ ထောင်ကျပြီး ဒီနှစ်မှ တီဘီရောဂါကူးစက်ခံရတာဖြစ်တယ်လို့ ဒေါ်ခင်လှမြင့်က ပြောပါတယ်။

"အထဲထဲကျမှ တီဘီရောဂါဖြစ်တာရှင့်။ အပြင်ဘက်မှာ အဲ့လိုရောဂါမျိုးမရှိဘူး။ ချောင်းဆိုးတာတို့ ဘာတို့မရှိဘူးရှင့်။ တီဘီရောဂါဖြစ်လို့တဲ့ ဆေး ဖ လစာစားရတယ်တဲ့၊ သူသက်သာသွားပြီးတော့ ဝလာတယ်လေ။ နေကောင်းသွားတာပေါ့နော်။ နေကောင်းသွားပြီးတော့မှ ဒွိပြင်ရောဂါတွေက ဝင်လာတာပေါ့နော်။ ဒွိပြင်ရောဂါက သူတက်တယ်တဲ့။ သတိလစ်လစ်သွားတာ ဘိုင်းခနဲဘိုင်းခနဲ နောက်ပြန်လဲတယ်တဲ့။ ဘေးစောင်းတွေလဲတယ်။ အဲလိုဖြစ်ရာကနေ ပါးရှဲ့ပြီးတော့ ကိုယ်တခြမ်းသေသွားတာပေါ့နော်။"

ဆရာ ဦးဌေးလွင်ဦးဟာ အမရပူရကနေ မန္တလေးကို နေ့စဉ် စက်ဘီးနဲ့ကျောင်းတက်တာကြောင့် အိမ်ထောင်သက်တမ်း ၁၀ နှစ်အတွင်းမှာ ကျန်းမာရေးမကောင်းတာ မရှိခဲ့ဘူးလို့ ဒေါ်ခင်လှမြင့်က ပြောပါတယ်။

---

**သတင်းပြက္ခဒိန်မှ**

ပြန်ကြားရေးဌာနမှ ကြေညာထားချက်။

**ဂျန်နဝါရီ ၂ ၊ DVB ။ ။** ၂၀၀၇ စက်တင်ဘာ သံဃာထု ကံဆောင်ဆန္ဒပြပွဲဖြစ်စဉ်ကို သပိတ်မှောက်သံဃာခေါင်းဆောင်တဦးဖြစ်သူ ဦးပညာဇောတ (လွတ်မြောက်နယ်မြေ) မှ ကိုယ်ရေးမှတ်တမ်းဖြင့်ဖော်ပြချက်။

**ဂျန်နဝါရီ ၂ ၊ RFA ။ ။** မြန်မာတွင် ဒီမိုကရေစီကူးပြောင်းရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ National Unity Government (NUG) ဖွဲ့မည်ဟု NCUB မှ ဆိုချက်။

**ဂျန်နဝါရီ ၂ ၊ KL-RFA ။ ။** လွတ်လပ်ရေးနေ့အကြို ယနေ့တွင် ကွာလာလွန်ပူ နအဖသံရုံးရှေ့တွင် အဲန်အဲလ်ဒီ (LA) မှဦးစီး၍ ဆန္ဒပြခဲ့ချက်။

# နအဖအား စိုက်ပျိုးစရိတ် ပြန်မဆပ်နိုင်၍ လယ်သမားများ အခက်ကြုံ

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ လယ်စိုက်ပျိုးချိန်မှာ အစိုးရထုတ်ချေးထားတဲ့ စိုက်ပျိုး စရိတ်ချေးငွေတွေကို လာမယ့်ဇန်နဝါရီလအတွင်း ပြန်ဆပ်ရတော့မှာမို့ လယ်သမားအတော်များများ အခက်တွေ့နေရပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေကမလုံလောက်၊ စပါးအထွက်နှုန်းကလည်း ကျဆင်းတဲ့အပြင် စပါးစျေးပါ ကျနေတဲ့အတွက် ချေးငွေတွေ ပြန်ဆပ်ဖို့ အခက်တွေ့နေတာဖြစ်တယ်လို့ ပဲခူးတိုင်းအတွင်းက လယ်သမားတဦးက ပြောပါတယ်။

"ကျနော်တို့ လယ်စိုက်စရိတ်၊ မျိုးနှုတ်ခ ဘာညာနဲ့သူတို့ထုတ်ချေးတဲ့ ငွေတွေနဲ့ ဘယ်လိုမှအဆင်မပြေဘူး။ မစိုက်ရင်လည်းမဖြစ်တဲ့အခါကျတော့ အေးပြင်ပကနေပြီးတော့ အလွတ်တိုးနဲ့ နီးစပ်ရာရာကြုံပြီး စိုက်ပျိုးကြတာ။ အပြင်ငွေချေးတဲ့သူတွေက နှစ်တိုင်းလို ထုတ်မချေးနိုင်ကြဘူး။ ထုတ်မချေးနိုင်တာထက် မယုံကြည်တာလည်း ပါတာပေါ့လေ။"

လယ်သမားတွေဟာ နိုင်ငံတော်ကထုတ်ချေးတဲ့ငွေကလည်း မလောက်၊ ပြင်ပမှာ ရှာဖွေချေးငှားဖို့ကလည်း အခက်အခဲတွေဖြစ်တဲ့အတွက် လယ်စိုက်တဲ့နေရာမှာ အရင်နှစ်တွေထက်စာရင် အဖြစ်သဘောလောက်သာ စိုက်ဖြစ်ခဲ့တယ်လို့ လယ်သမားတွေက ဆိုပါတယ်၊ အဖြစ်သဘောနဲ့ စိုက်ပျိုးလိုက်ရတဲ့အတွက် အရင်က တဧကကို စပါးတင်း ၇၀ နှုန်းထွက်ပေမယ့် အခုဆိုရင် တင်း ၅၀ ဆယ်လောက်ပဲ ထွက်တော့တယ်လို့လည်း ပြောပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေ ချေးတုန်းက နအဖက တဧကကို တသောင်းနှုန်းနဲ့ သတ်မှတ်ထားပေမယ့် လယ်သမားတွေကို ၈ ထောင်နှုန်းသာ ချေးပေးခဲ့တဲ့အပြင် စာရွက်စာတမ်းကြေး၊ နာဂစ်ရန်ပုံငွေ စတဲ့အကြောင်းအမျိုးမျိုးပြပြီး ငွေကောက်ခံမှုတွေလည်းရှိခဲ့တာကြောင့် လယ်သမားတွေမှာ အများကြီးနစ်နာခဲ့တယ်လို့ ပြောပါတယ်။ ရေဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်းက လယ်သမားတဦးကလည်း စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ရမယ့်ကိစ္စနဲ့ပတ်သက်လို့ အဆင်မပြေဘူးလို့ ပြောပါတယ်။

"ကျနော်တို့က အခု အလုပ်လုပ်ချိန်ဖြစ်နေတယ်လေ။ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံး Notice လုပ်ထားတာလေ။ ကျနော်တို့က အခုက ကောက်လှိုင်းတွေကို ပြီးအောင်မကိုင်နိုင်သေးတော့ စပါးမဖြစ်သေးဘူး။ နောက်စပါးလှုပ်ပြီးကြဲနေရတာကိုး။ ငွေပေါ်ဖို့ဆိုတာက မလွယ်ဘူး။ သူတို့တောင်းတဲ့ဟာကိုတော့ မရရအောင်တောင်ပေးရမှာပဲလေ။ ကျနော်ကတော့ ၁၅ ဧကကျော်ရှိတော့ ချေးငွေ ၇ သောင်းရတယ်။ တဧက ရှစ်ထောင်နှုန်းလို့ ပြောတယ်ဆိုပေမယ့် ဧကစေ့ရတာမဟုတ်ဘူးလေ။ ၁၀ ဧကအကျော်ဆိုရင် ဘယ်လောက်ဆိုပြီး ဖြတ်ချေး တာ။ ဧကများရင် ဘယ်လောက်ပဲဆိုတဲ့ နှုန်းထားဖြတ်ထားတာရှိတယ်လေ။"

လယ်သမားတွေအနေနဲ့ စပါးပေါ်ချိန်မှာ စပါးစျေးတွေက ကျနေတဲ့အပြင် မိသားစု သာရေးနာရေးကိစ္စရှိလို့ စပါးထုတ်ရောင်းရင်တောင်မှ ဝယ်သူမရှိလို့ အခက်တွေ့နေရတယ်လို့ ဆိုပါတယ်။ နိုင်ငံတော်အစိုးရကနေ အခက်ကြုံနေရတဲ့ တောင်သူလယ်သမားတွေအတွက် ဘယ်လိုနည်းလမ်းတွေနဲ့ ကူညီဖြေရှင်းပေးမလဲဆိုတာကို စဉ်းစားပေးသင့်တယ်လို့လည်း လယ်သမားတွေက တိုက်တွန်းပြောဆိုပါတယ်။

---

# မြို့မစျေးဖျက်ပြီး ရှော့ပင်းမောလ်ဆောက်မည်

**NEJ ၊ ဒီဇင်ဘာ ၃၀ ။** ။ နေပြည်တော်ပျဉ်းမနားမြို့မစျေးတခြမ်းကို ဖျက်သိမ်းပြောင်းရွှေ့ပြီး ရှော့ပင်းမောလ်တခုတည်ဆောက်ရန် စီစဉ်လျက်ရှိပြီး ဖျက်သိမ်းမည့်စျေးဟောင်းဆိုင်ခန်းများအတွက် အလျော်ပေးမည်မဟုတ်သည့်အတွက်ဆိုင်ခန်းပိုင်ရှင်များ မကျေမနပ်ဖြစ်နေပါတယ်။

ဖျက်သိမ်းမည့်အခြမ်းမှာ ပျဉ်းမနားမြို့လယ် ဗိုလ်တောက်ထိန်လမ်းမကြီး တောင်ဘက်အခြမ်းဖြစ်ကာ ၎င်းအပိုင်းရှိဆိုင်ရှင်များအား တည်ဆောက်ပြီးစီးသွားသည့် စျေးသစ်ကြီးအတွင်းရှိ ဆိုင်ခန်းများအား ဝယ်ယူခွင့်ပေးမည်ဟု အာဏာပိုင်များကပြောကြားသော်လည်း အစားထိုးလျော်ကြေးပေးမည် မဟုတ်ကြောင်း စုံစမ်းသိရပါတယ်။ စျေးသစ်ကြီးမှာ ပျဉ်းမနားမြို့ အရှေ့ဘက် ၂ မိုင်ခန့်အကွာရှိ ကင်ပွန်းတန်းကျေးရွာအနီးတွင်တည်ရှိပြီး ဆိုင်ခန်းများ၏တန်ဖိုးမှာ အနည်းဆုံး ကျပ်သိန်း ၁၀၀ ခန့်ရှိသောကြောင့် စီးပွားရေးကျဆင်းနေသောကာလတွင် ဝယ်ယူနိုင်သူမရှိသလောက်ဖြစ်နေကြောင်းလည်း သိရှိရပါတယ်။ အလားတူပင် ၂၀၀၇ ခုနှစ်ဆန်းစက ပျဉ်းမနားမြို့မစျေးထဲရှိ ဟင်းသီးဟင်းရွက်ဆိုင်ခန်းများအား ကင်ပွန်းတန်းကျေးရွာအနီးရှိ ဟင်းသီးဟင်းရွက်စျေးသစ်သို့ ပြောင်းရွှေ့စေခဲ့သည့်အတွက် ယခုအခါတွင် မြို့သူမြို့သားများသည် အသီးအနှံများကို မြို့ပြင်ထွက်ဝယ်ယူနေကြရပါတယ်။

---

# အရာရှိကြောင့် ရွာခံများ အခက်တွေ့

**DVB ၊ ဒီဇင်ဘာ ၃၁ ။** ။ မကွေးတိုင်း ချောက်မြို့က စစ်တပ်အရာရှိတဦးကြောင့် ဒေသခံတွေအခက်တွေ့နေရပါတယ်။ မကွေးတိုင်း ချောက်မြို့ မြဝတီထပ်ဆင့်အသံလွှင့်ဌာနက အရာခံဗိုလ်နိုင်ထူးကြောင့် အခက်တွေ့နေရတာလို့ ဒေသခံတွေကပြောပါတယ်။

အရာခံဗိုလ်နိုင်ထူးဟာ ရန်ကုန် ရုံးချုပ်ကနေ အထူးတာဝန်နဲ့ ဒီနှစ် ၇ လပိုင်းက ချောက်မြို့ကို ရောက်လာသူ ဖြစ်ပါတယ်။ ဒေသခံရွာသားတွေအနေနဲ့ စိုက်ပျိုးရိတ်သိမ်း အလုပ်လုပ်ချိန်မှာ ခဏခဏ အထူးအစည်းအဝေးပွဲခေါ်တဲ့ အပြင် မလာနိုင်တဲ့သူတွေနဲ့ နောက်ကျရောက်သူတွေကို ဆူပူကြိမ်းမောင်းမှုတွေ ရှိတယ်လို့ ဆွယ်ပေါက်ကံ ရွာသားတွေက ပြောပါတယ်။ ဒီလို အထူးအစည်းအဝေးပွဲဆိုပြီး ခဏခဏခေါ်ပေမယ့်လည်း ရပ်ရွာတိုးတက်ရေးမပါဘဲ သူ့ကိုယ်ကျိုးအတွက်သာဖြစ်တယ်လို့ ဆွယ်ပေါက်ကံရွာသားတဦးက ပြောပါတယ်။

"အထူးအစည်းအဝေးလို့ ခဏခဏခေါ်ပြီး ဘာလုပ်လည်းဆိုတော့ ရပ်ရွာအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးရေးမလုပ်ဘဲနဲ့ သူ့ကြက်ခြံဆောက်ဖို့အတွက် တရွာကို ဝါး ၂၀၊ ဆွယ်ပေါက်ကံကျေးရွာအုပ်စုက တရွာကို ဝါးအလုံး ၂၀ စခန်းကို ပို့ခိုင်းတယ်။ ၇ ရွာဆိုတော့ ဝါးအလုံး ၁၄၀ ပို့ရတာပေါ့လေ။ ဝါးက ကောက်နေတယ်ဆိုလို့ရှိရင် ပြန်လဲခိုင်းသေးတယ်၊ အပြစ်တင်သေးတယ်၊ ကြိမ်းမောင်းသေးတယ်။ ကြက်ခြံအတွက်ဆိုပြီးတော့ ကျောက်စရစ်ခဲတွေ၊ သဲတွေ တောင်းတယ်။ ရွာမှာရှိတဲ့ မော်တော်ဆိုင်ကယ်တွေ ချောဆွဲပြီးတော့ သူသွားစရာ လာစရာရှိရင်ခေါ်သုံးတယ်။ သူသွားတဲ့အတွက် ဆီတွေဘာတွေလည်းမပေးဘူး။ ရွာကလူတွေမအားတဲ့ကြားက သူ့ကိုလိုက်ပို့ရတယ်။ သူက ဆိုင်ကယ်ခေါ်တာကလည်း အရက်သွားဝယ်တာကအစ ပျော်ပွဲရှင်ပွဲ အပျော်အပါးသွားဖို့အထိ ခဏခဏခေါ်တယ်၊ စစ်ဗိုလ်ဆိုတော့ ကြောက်လို့ ရွာကလူတွေက လိုက်နေ ရတာ၊ အလုပ်အကိုင်ပျက်တော့ သူ့အသံကို ကြားရမှာ ကြောက်နေကြတယ်။"

ကျေးရွာအတွင်း ပျော်ပွဲ ရှင်ပွဲတွေ၊ ကစားဝိုင်းတွေပါလုပ်ခိုင်းတဲ့အတွက် စီးပွားရေးအဆင်မပြေတဲ့ ရွာသားတွေအတွက် ပိုပြီး အခက်တွေ့ကြတာလို့ အဆိုပါ ရွာခံကပြောပါတယ်။

"ကျေးရွာတွေက ဘုန်းကြီးကျောင်းတွေမှာ ပျော်ပွဲ ရှင်ပွဲတွေလုပ်ရမယ်၊ သီတင်းကျွတ်ပွဲတွေလုပ်ရမယ်၊ စည်စည်ကားကားလုပ်ရမယ်ဆိုပြီး သူကခိုင်းနေတယ်။ ဒီနေ့ဒီအချိန်ခါ ရွာကလူတွေက နှမ်းစျေးလည်းမကောင်း၊ ပဲစျေးလည်း မကောင်း၊ ထွက်နှုန်းလည်းမကောင်းတော့ ငွေရှားပါးပြတ်လပ်နေတာ။ ဝိုင်းတွေမှာ စည်ကားအောင် ကစားဝိုင်းတွေ ဘာတွေ ထည့်ခိုင်း တယ်။ မလုပ်ချင်ကြဘူး။ မလုပ်နိုင်တဲ့ရွာတွေလည်း ဆူပူကြိမ်းမောင်းတယ်တဲ့။"

ဒေသခံတွေရဲ့ ပြောပြချက်နဲ့ပတ်သက်ပြီး ချောက်မြို့မြဝတီထပ်ဆင့်အသံလွှင့်ဌာန အရာခံဗိုလ်နိုင်ထူးကို ဆက်သွယ်လို့ မရခဲ့ပါဘူး။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 416, Dec 31 2008



# မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် အရှင်ဦးဥတ္တမမွေးနေ့ ကျင်းပ

**DVB ၊ ဒီဇင်ဘာ ၂၉ ။** ။ မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် ဆရာတော်တပါးဖြစ်တဲ့ အသျှင်ဥတ္တမရဲ့ မွေးနေ့အခမ်းအနားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မနေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဆရာတော် ဦးဥတ္တမရဲ့ ၁၂၉ ကြိမ်မြောက် မွေးနေ့အခမ်းအနားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မနေ့က ကျင်းပခဲ့တာပါ။

ဒီအခမ်းအနား ကျင်းပရတဲ့အကြောင်းရင်းကို ဦးစီးပြုလုပ်ခဲ့တဲ့ ၈၈ မျိုးဆက်ကျောင်းသားဟောင်း ကိုနိုင်းနိုင်းက ပြောပါတယ်။

"အဓိကလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်းမှာ လုပ်ခွင့်မရလို့ လုပ်ရတာပါ။ နအဖ စစ်အုပ်စုဟာ နိုင်ငံတော်ခေါင်းဆောင် အထူးအကြီးအကဲတွေကို သမိုင်းက ပျောက်ကွယ်အောင် လုပ်နေပါတယ်။ အဲ့ဒါကြောင့် ကျနော်တို့ ဆရာတော် ဦးဥတ္တမမွေးတဲ့ အထိမ်းအမှတ်အဖြစ် လုပ်ရခြင်းဖြစ်ပါတယ်။"

မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို သာသနာဦးသျှောင် ဥက္ကဌဆရာတော်အပါအဝင် သံဃာတော် ၅ ပါးတက်ရောက်ပြီး ပါတီအဖွဲ့အစည်းနဲ့လူပုဂ္ဂိုလ်များ၊ ဒီမိုကရေစီအတိုက်ခံအင်အားစုများ၊ လူအင်အား ၂၀ ကျော်တက်ရောက်ခဲ့တယ်လို့ ကိုနိုင်းနိုင်းက ပြောပါတယ်။ ဆရာတော် ဦးဥတ္တမဟာ မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့လက်အောက်ကနေ လွတ်မြောက်ဖို့အတွက်သာမက အာရှနိုင်ငံတွေရဲ့ လွတ်လပ်ရေးအတွက်ပါ ဦးဆောင်လမ်းပြ အုတ်မြစ်ချခဲ့တဲ့ ပုဂ္ဂိုလ်တဦးဖြစ်ပါတယ်။ စစ်အာဏာရှင်လက်ထက် ၁၉၆၂ ခုနှစ်ကစပြီး ဆရာတော်ဦးဥတ္တမအကြောင်းနဲ့ ပတ်သက်ပြီး စာအုပ်ထုတ်ဝေတာ၊ အထိမ်းအမှတ် အခမ်းအနားလုပ်တာတွေကို ပိတ်ပင်ထားခဲ့တာ ခုချိန်ထိဖြစ်ပါတယ်။ သမိုင်းဝင် သံဃာတော်တပါးရဲ့ အခန်းကဏ္ဍကို စစ်အုပ်စုက ဖျောက်ကွယ်ထားတာနဲ့ပတ်သက်ပြီးတော့လည်း ကိုနိုင်းနိုင်းက ပြောပြပါတယ်။

"အဓိက လုပ်ခွင့်မပေးတာကတော့ နိုင်ငံရေးမှာ ရဟန်း တော်တွေဟာ အဓိကဦးဆောင်ခဲ့တာကို ဖုံးကွယ်တဲ့အနေနဲ့ပေ့ါနော်။ ဆရာတော် ဥတ္တမဟာ မြန်မာနိုင်ငံ လွတ်လပ်ရေး၊ နိုင်ငံရေးမှာ ထိပ်တန်းကနေပါခဲ့တဲ့ ဆရာတော်ကြီးတပါးဖြစ်တဲ့အတွက် နောက်တက်တဲ့ ဆရာတော်တွေ၊ ရဟန်းတော်တွေ နိုင်ငံရေးမှာထိပ်တန်းက ပါမလာအောင် အဓိကဖုံးကွယ်ထားခြင်းဖြစ်ပါတယ်။"

ဆရာတော် ဦးဥတ္တမရဲ့ အခန်းကဏ္ဍခုလို ဖျောက်ကွယ်ခြင်း ခံနေရသလို စစ်တွေမြို့က ဆရာတော်ရဲ့ ရုပ်တု၊ ပန်းခြံနဲ့ ခန်းမဆောင်တွေကို ဒေသခံပြည်သူတွေ သွားဖူးခွင့်မရအောင် နယ်မြေခံလုံထိန်းတပ်ဖွဲ့ဝင်တွေက စောင့်ကြပ်ထားတယ်လို့လည်း ကိုနိုင်းနိုင်း ပြောပါတယ်။

"စစ်တွေမြို့မှာ အခုအခြေအနေမှာကတော့ ဆရာတော် ဦးဥတ္တမကို ဝင်ရောက်ပူဇော် မီးထွန်းခွင့်လုံးဝမရရှိပါဘူး။ စစ်တွေမြို့ ဆရာတော်ဥတ္တမပန်းခြံထဲမှာ၊ ဆရာတော် ဦးဥတ္တမခန်းမထဲမှာ ဒီမိုကရေစီနှိမ်နင်းရေး၊ အဓိကရုန်းနှိမ်နင်းရေးအတွက် လုံထိန်းတပ်ရင်းအစဉ်အမြဲချထားပါတယ်။ ပြီးတော့ လုံထိန်းတွေက အဝင်အထွက် အမြဲတမ်းစစ်ဆေးမေးမြန်းတာတွေရှိတဲ့အတွက် ဆရာတော်ဥတ္တမပန်းခြံနဲ့ ဆရာတော်ဥတ္တမ ရုပ်တုဟာ ထောင်ကျနေသလို ဖြစ်နေတယ်။"

ဆရာတော် ဦးဥတ္တမကို မြန်မာသက္ကရာဇ် ၁၂၄၁ ခု ပြာသိုလပြည့်ကျော် ၁ ရက် နေ့က စစ်တွေမြို့မှာ ဖွားမြင်ခဲ့တာဖြစ်ပြီး ဆရာတော်ဟာ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၃၉ ခုနှစ်မှာ ပျံလွန်တော်မူခဲ့တာဖြစ်ပါတယ်။

---

# ရန်ပုံငွေလက်မှတ်များ အဝမွှရောင်း

**DVB ၊ ဒီဇင်ဘာ ၂၉ ။** ။ ရန်ကုန်တိုင်းတောင်ပိုင်းခရိုင် အားကစားရန်ပုံငွေဆိုတဲ့အကြောင်းပြချက်နဲ့ ဒေသခံအာဏာပိုင်တွေက မဝယ်မနေရ လက်မှတ်တွေ အတင်းလိုက်ရောင်းနေတဲ့အတွက် သုံးခွမြို့ခံတွေ မကျေမနပ်ဖြစ်နေကြပါတယ်။

ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ ပွဲစမယ်ဆိုတာ မပါဘဲ ရောင်းချနေတာကြောင့် မကျေမနပ် ဖြစ်ကြရတာလို့ မြို့ခံတဦးက ပြောပါတယ်။

"ခေါင်းစဉ်တပ်ထားတာတော့ တောင်ပိုင်းခရိုင် အားကစားရံပုံငွေဆိုပြီး အမည်တပ်ထားတယ်၊ တောင်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေကို ပွဲလက်မှတ်သဘောမျိုးပေ့ါ။ ပွဲနာမည်က တင်ကိုဝင်းဇာတ် ဆိုပြီးရောင်းတာ။ ကျနော်တို့ သုံးခွမြို့မှာ လက်မှတ်တစောင်ကို ၆၀၀၀။ ဘယ်နေ့မှန်း မသိ၊ ထိုင်ခုံနံပါတ်မပါ၊ ဖျာလက်မှတ်မပါဘဲနဲ့ တင်ကိုဝင်း ပွဲလက်မှတ်ဖျာကို အတင်းအဓမ္မလိုက်လံရောင်းစားမှုတွေ ဖြစ်ပေါ်နေတယ်။"

ရောင်းချတဲ့နေရာမှာလည်း စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ မကြာခင်ကမှ တရားဝင် ဖွင့်ခွင့်ပြုထားတဲ့ လောင်စာဆီ အရောင်းဆိုင်တွေကို မဝယ်မနေရ ပုံစံမျိုးနဲ့ အတင်း ရောင်းချနေတဲ့အတွက် လုပ်ငန်းရှင်တွေက မကျေနပ်ဖြစ်နေကြတယ်လို့လည်း အဲဒီ မြို့ခံက ပြောပါတယ်။

"အဓိကကတော့ လုပ်ငန်းရှင်တွေကို အတင်းအဓမ္မယူရမယ်၊ သူတို့နဲ့ မကင်းရာ မကင်းကြောင်းတွေကို အတင်းအဓမ္မ ယူရမယ်၊ မယူရင်လည်း ရန်ရှာမယ်ဆိုတဲ့ သဘောမျိုးဆိုတော့၊ ဥပမာ လောင်စာဆီဆိုင်တွေပေ့ါ။ မယူရင်လည်း မရဆိုတော့ လုပ်ငန်းရှင်တွေ၊ လောင်စာဆီလုပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တခြားအရောင်းအဝယ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေက ဘာလုပ်လုပ် သူတို့ကို အတင်းအဓမ္မလည်ပင်းလာညှစ်တယ်ဆိုပြီးတော့ အရမ်းစိတ်ညစ်နေကြတာပေ့ါ။"

ရန်ပုံငွေခေါင်းစဉ်တပ်ပြီး အကြောင်းအမျိုးမျိုးပြ အလှူငွေကောက်ခံမှုတွေ ရှိနေပေမယ့် ရရှိလာတဲ့ရန်ပုံငွေတွေကို ဘယ်လိုနေရာတွေမှာ အသုံးပြုတယ်ဆိုတာကို လူထုက ဘယ်တုန်းကမှမသိခဲ့ရဘူးလို့လည်း မြို့ခံတွေကပြောပါတယ်။

# ကာတွန်းဆရာကြီးများ ကန်တော့ပွဲ

**DVB ၊ ဒီဇင်ဘာ ၃၀ ။** ။ ရန်ကုန်တိုင်း လှိုင်မြို့နယ်က ကာတွန်းဆရာကြီး ဦးဖေသိန်းရဲ့နေအိမ်မှာ ကာတွန်းဆရာကြီးများ ကန်တော့ပွဲကို မနေ့က ကျင်းပခဲ့ပါတယ်။

ဒါဟာ ၃၃ ကြိမ်မြောက်ဖြစ်တယ်လို့ ပွဲတက်ရောက်ခဲ့တဲ့ ကာတွန်းဆရာတဦးက ခုလိုပြောပြပါတယ်။

"ကန်တော့ခံ ဆရာက ၃ ယောက်ပါ။ ဆရာဦးဖေသိန်းရယ်၊ ဆရာဦးအောင်ရှိန်ရယ်၊ ဆရာဦးရွှေမင်းသားရယ်။ ကာတွန်းဆရာတွေကတော့ တော်တော်များများလာကြပါတယ်၊ နယ်ကကာတွန်းဆရာတွေလည်းလာကြပါတယ်။ ဒီပွဲကတော့ ကျနော်တို့က နှစ်စဉ်နှစ်တိုင်းလုပ်နေကျပေ့ါနော်၊ ကိုယ့်ဆရာတွေကန်တော့တဲ့ပွဲဖြစ်တဲ့အတွက်မို့ ဘာမှစောင့်ကြည့်တာတွေ ဘာမှမရှိပါဘူး။"

ဒီပူဇော်ကန်တော့ပွဲမှာ နာဂစ်ရံပုံငွေကာတွန်းပြပွဲတုန်းက စာပေစိစစ်ရေးကနေ ပယ်ဖျက်ခြင်းခံခဲ့ရတဲ့ ကာတွန်းတွေနဲ့ပြပွဲမှာ ပြသခဲ့တဲ့ ကာတွန်းပုံ တွေကို စီဒီထဲထည့်ပြီး မေတ္တာလက်ဆောင်အဖြစ်ပေးခဲ့တယ်လို့ ဒီပွဲကိုတက် ရောက်ခဲ့တဲ့ စာပေသမားတဦးက ပြောပါတယ်။ လတ်တလော စာနယ်ဇင်းတွေ မှာ ကာတွန်းတွေနဲ့သရုပ်ဖော်ပုံတွေကိုလျှော့ပြီးအသုံးပြုလာတဲ့အတွက်ကာတွန်းဆရာတွေရဲ့ဘဝအခြေအနေ ဆိုးရွားလာတယ်လို့လည်း သူကပြောပါတယ်။

"တချို့တိုက်တွေဆို ကာတွန်းတွေကို လျှော့ချတာမျိုးတွေရှိတယ်။ သရုပ်ဖေါ်ပုံအပ်တာတွေဆိုလည်း နည်းနည်းလျှော့ချတာမျိုးတွေရှိတယ်။ ကာတွန်းဆရာတွေရဲ့ တဦးချင်းဘဝကလည်း ကာတွန်းတခုတည်းနဲ့ရပ်တည်လို့ မရဘူး။ မရတဲ့အပေါ်မှာ ကွန်ပြူတာ ဒီဇိုင်းနာလုပ်ရတဲ့သူတွေရှိတယ်၊ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဝင်ပြီးလုပ်ရတဲ့ သူတွေရှိတယ်ပေ့ါနော်။"

စာနယ်ဇင်းတွေမှာ ကာတွန်းနဲ့ သရုပ်ဖော်ပုံတွေကို အသုံးပြုမှုနည်းပါးလာချိန်မှာ စာပေစိစစ်ရေးကနေ ပိတ်ပင်မှုတွေ ပိုမိုများပြားလာတဲ့အတွက် ဘဝရပ်တည်မှု ပိုမိုခက်ခဲလာတယ်လို့ အဆိုပါ ကာတွန်းဆရာက ပြောပါတယ်။

# လောင်စာဆီဈေးကျပေမဲ့ ကုန်ဈေးနှုန်းဒဏ် မြန်မာလူထုခံနေရဆဲ

**VOA ၊ ဂျန်နဝါရီ ၂ ။** ။ မြန်မာနိုင်ငံတွင်းက အဓိကပို့ကုန်တွေဖြစ်တဲ့ စားသုံး ဆီနဲ့ ပဲလုပ်ငန်းရဲ့ဈေးကွက်အတော်လေးကျဆင်းသွားတဲ့အတွက် အခုလိုစိုက် ပျိုးရာသီမှာ ကောက်ပဲသီးနှံသမားတွေ အခက်တွေ့နေရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် လောင်စာဆီဈေးတွေလည်း ကျဆင်းနေပေမဲ့ တကယ်လက်တွေ့မှာ အခြေခံလူတန်းစားတွေရဲ့ အဓိကစားကုန်ဈေးနှုန်းတွေကတော့ ကျဆင်းသွား တာမရှိပါဘူး။

ပြည်ပပို့နေတဲ့ဆီဈေးကွက်ဟာ မရှိသလောက်ဖြစ်နေတာမို့ ပြည်တွင်း စားသုံးတဲ့ ဆီဈေးတွေလည်း ကျဆင်းနေတဲ့အတွက်ဆီအရောင်းအဝယ်လုပ်ကြ တဲ့ လက်လီလက်ကားသမားတွေဟာ ဈေးကွက်ပျက်နေတယ်လို့ ရန်ကုန်စီးပွား ရေးလုပ်ငန်းရှင်တဦးက အခုလိုပြောပြပါတယ်။

စားဆီဈေးကွက်ကတော့ ၃၀၀၀ လောက်ကနေ အခုဆိုရင် ၁၈၀၀ လောက်ဖြစ်သွားပြီ၊ တော်တော်ကျတယ်လို့ ပြောလို့ရတယ်လေ၊ အဲဒါ စားအုန်းဆီပါ၊ ဒါပေမဲ့ အခြေခံလူတန်းစားတွေသုံးတဲ့ ကုန်တွေရဲ့ဈေးနှုန်းတွေကတော့ မကျသေးပဲ မှေးပြီးခံနေတာရှိတယ်ဗျ။

ဒါ့အပြင် ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကပဲ ပဲကုန်သည်ကြီးတွေကြားမှာ ပြဿနာ ဖြစ်ခဲ့ပါတယ်။ သူတို့တွေမှာ ငွေကျန်တာတွေ၊ ငွေလိမ်လည်မှုတွေ တချို့ဖြစ်ခဲ့ တာမို့ ထွက်ပြေးရတဲ့အထိ ဖြစ်ခဲ့တယ်၊ ဒါကြောင့်မို့ ပဲဈေးကွက် အကြီးအကျယ် ပျက်နေသလို ကမ္ဘာ့စီးပွားရေးကျဆင်းမှုတွေကြောင့် နိုင်ငံခြားပဲပို့တဲ့လုပ်ငန်းတွေ ကျဆင်းနေချိန်မှာ အခုလို ပြဿနာတွေကြောင့် ပဲလုပ်ငန်းလုပ်ကြတဲ့လူတွေမှာ အတော်လေး အခက်တွေ့ရတယ်လို့ အဲဒီကုန်သည်က ပြောပါတယ်။

လောလောဆယ်တော့ ပဲကုန်သည်ကြီးများအသင်း အသစ်ဖွဲ့မယ်လို့ ကြားပါတယ်။ လောလောဆယ်အရောင်းအဝယ် ဈေးနှုန်းတွေ နေးသွားတာပဲဗျ။ ပဲမာတွေဖြစ်တဲ့ ထောပတ်ပဲ၊ ကုလားပဲတို့လည်း အရောင်းအဝယ်တွေ၊ ဈေးနှုန်း တွေ သိသိသာသာကျသွားတယ်လေ။

အဲဒီအကျိုးဆက်ကတော့ တောင်သူတွေမှာ ပိုပြီး ဂယက်ရိုက်မှုရှိတယ် လို့လည်း ဆိုပါတယ်။ အထူးသဖြင့် အခုလို ကောက်ပဲသီးနှံစိုက်ပျိုးချိန်တွေမှာ ဝယ်လက်မရှိသလောက်ဖြစ်နေတယ်လို့ ပြောပါတယ်။

ဒါ့အပြင် တခြားနယ်ပယ်ပေါင်းစုံက ဈေးကွက်တွေလည်း အတော်လေး ကျဆင်းနေပါတယ်။ အီလက်ထရွန်နစ်ပစ္စည်းတွေ ကျဆင်းနေသလို တခြား ဇိမ်ခံ ပစ္စည်းတွေလည်း ဝယ်အားမရှိသလောက်ဖြစ်နေတယ်လို့ ရန်ကုန်အီလက် ထရွန်နစ်ဈေးကွက်ကလူတွေက ပြောပါတယ်။ လောင်စာဆီဈေးတွေလည်း အတော်လေးကျဆင်းနေပေမဲ့ စားသုံးကုန်ဈေးကွက်တွေကတော့ ကျဆင်းသွား တာမရှိဘူးလို့ အဲဒီစီးပွားရေးလုပ်ငန်းရှင်က ပြောပါတယ်။

ဓာတ်ဆီတဂါလံကို အစိုးရထုတ်ဈေးက ၂၅၀၀ ဖြစ်ပြီး ပြင်ပမှာ ၂၈၀၀ လောက်နဲ့ ရောင်းဝယ်ဖောက်ကားနေတယ်၊ အရင်က ၄၀၀၀ လောက်အထိ ရောက်ခဲ့တယ်လေ၊ အခု တဂါလံ ၂၀၀၀ လောက်ဆို ရပြီ၊ အစိုးရထုတ်ဈေးထက် ကျသွားပြီလေ၊ တကယ်တမ်းဆို ဈေးကျတဲ့ကိစ္စက အများပျော်ရွှင်စရာကောင်း မယ့်ကိစ္စလေ၊ ဒါပေမဲ့ တခြားဈေးတွေက သိပ်ပြီး မကျသေးဘူး၊ ကားခတွေ ခါတိုင်း ၃၀၀ ပေးရတဲ့သူလည်း ၃၀၀ ပဲ၊ လက်ဘက်ရည်တခွက် ၂၀၀ ကလည်း အခု ၂၀၀ ပဲလေ၊ အခြေခံလူတန်းစားကတော့ အလွန်ကြီးအကျိုးခံစားခွင့်မရဘူး။

---

**နေမင်းမှ**

မှတ်ချက်ပေးပါတယ်။ ဒါပေမဲ့ အဲဒီနောက် ၁၉၈၉ ခုနှစ် အာဇာနည်နေ့မှာ NLD က အာဇာနည်ကုန်းချီတက် ဘို့အစီအစဉ်ရှိပြီးမှ ဖျက်သိမ်းတာတွေဖြစ်ခဲ့ပါတယ်။ ဖျက်သိမ်းတာမသိသူတွေ ရော၊ အားမရတဲ့၊ မကျေနပ်ကြတဲ့ပြည်သူတွေက ရွှေဂုံတိုင်နဲ့ရေခဲဆိုင်တဝိုက် မှာစုရုံးကြလို့ ရိုက်နှက်ဖမ်းဆီးတာတွေ ခံကြရပါတယ်။ (နောက်နေ့မှာ ဒေါ်စု နဲ့ဦးတင်ဦးတို့လည်း ထိန်းသိမ်းခံကြရပါတယ်)

ရိုက်နှက်ဖမ်းဆီးခံရသူတွေထဲကတချို့ကို မင်္ဂလာဒုံစစ်ဆေးရုံကြီးဆီခေါ် သွားပြီး ဆေးကုသပေးဘို့စီစဉ်ကြရာမှာ စစ်ဆရာဝန်များမေးလျှင် ရိုက်နှက် ခံရကြောင်းမပြောဘဲ မိမိတို့ဘာသာပြေးရင်းလွှားရင်းဖြစ်ကြတာလို့ပြောဘို့ ခေါ်သွားတဲ့စစ်သားတွေကအမိန့်ပေးပါတယ်။ ဒါကိုမနာခံတဲ့ အခြားသူတချို့ ရော၊ စာရေးသူရဲ့မိတ်ဆွေ တိုင်းရင်းသားမိသားစု (အဖေကလွှတ်သွားလို့ မပါဝင်ပါ) က စစ်ဆရာဝန်တွေကိုအမှန်အတိုင်းဘဲပြောလို့ စစ်သားတွေကစိတ် ဆိုးပြီး ပြန်မလွှတ်တော့ဘဲ အင်းစိန်ဘက်ကိုခေါ်သွားပါတော့တယ်။ ဒါပေမဲ့ လမ်း ခုလတ်မှာဘဲအကြောင်းကြားလာလို့ တခြားနေရာမှာပြောင်းထားပြီး အထက် မှာဖော်ပြခဲ့တဲ့ပိုလ်မှူးက လွှတ်ပေးဘို့စီစဉ်ပါတယ်။ သူတို့အထက်အမိန့်က တော့ အခြားပြင်ပကားတွေနဲ့ ကားခတောင်းပြန်ဘို့စီစဉ်ရာမှာ ဖော်ပြပါမိသား စုရဲ့ဖခင်ကသဘောမတူဘဲ "ကားခမပေးနိုင်ကြောင်း၊ မင်းတို့ မကြာခင်ကျရှုံး ရမှာဖြစ်ကြောင်း" စသည်ဖြင့် စစ်သားတွေနဲ့ အော်ကြီးဟစ်ကျယ် စကားများ ကြပါတယ်။ စစ်သားတွေကလည်း ရိုက်မယ်နှက်မယ်ဖြစ်နေတုန်း ထိုဗိုလ်မှူး ရောက်လာပြီး ဖခင်ဖြစ်သူကိုချော့မော့ကာ ကားခလည်းမပေးဘို့၊ အေးအေး ပြန်ဘို့ပြောပြီး အိမ်တိုင်ရာရောက်ပို့စေခဲ့ပါတယ်။ အဲဒီနောက် အဲဒီဗိုလ်မှူးဟာ မူလအရေးပါတဲ့နေရာကနေ တပ်မတခုကိုပြောင်းသွားရပြီး အဲဒီကတခါ အရပ် ဘက်ကိုပြောင်းခံရပါတယ်။ နောက်ပိုင်းမှာတော့ ရောဂါတခုနဲ့ကွယ်လွန်သွား ခဲ့ပါတယ်။

အဲဒီလိုဘဲ စစ်တပ်တွေထဲမှာလည်း စစ်သားရိုးရိုးက ထောက်လှမ်းရေး ကိုမကြည်လင်တာ၊ ထောက်ပို့တပ်ကဘေးပေါက်ရှာရလွယ်လို့ မကျေနပ်တာ၊ ရေတပ်၊ လေတပ်ကသူတွေကို အချောင်သမား၊ အခွင့်ထူးသမားလို့ထင်တာ၊ ဒီလိုဘဲ စိတ်ဓါတ်မတူညီတာတွေ၊ တချို့ဝန်ထမ်းတွေမှာလည်း လုပ်နိုင်ကိုင်နိုင် အခွင့်အရေးကြုံပြီး တကယ်စိတ်ဓါတ်ရှိသူတွေ ရှားရှားပါးပါးရှိတတ်ပါတယ်။ တကယ်ဆက်သွယ်နိုင်ဘို့ခက်ခဲပေမယ့် အခွင့်အရေးကြုံရင် လူများစွာမလိုတဲ့ ထိရောက်တဲ့လှုပ်ရှားမှုမျိုးလည်းရတတ်တာမို့ အားလုံး အခွင့်ကြုံရင်ယူတတ် ဘို့ ဖော်ပြလိုက်တာပါ။

သမိုင်းရေးဆရာတို့အနေနဲ့ မဝေးကွာလှတဲ့သေးကာလမှာဖြစ်ခဲ့ကြတဲ့ အဖြစ်အပျက်တွေကို မှန်မှန်ကန်ကန်နဲ့ နောင်လာနောက်သားတွေအတွက်ထား နိုင်ခဲ့ကြဘို့ အကြောင်းအရာမျိုးစုံက သင့်လျော်ရာသုံးနိုင်ကြပါတယ်။ ၈ လေး လုံးမှာလည်း တကယ်သိစရာတွေရှာရင် အများကြီးရှိပါတယ်။ အာဏာသိမ်း ခံရတော့ မကျေနပ်ကြသူတွေ ရန်ကုန်မြို့ပေါ်မှာတင် ရရာလက်နက်ဆွဲပြီး တိုက် ဘို့ခိုက်ဘို့ပြင်တာတွေလည်းရှိခဲ့ပါတယ်။ ဓါတ်ဆီပုလင်းပုံးတွေနဲ့ပစ်ကြဘို့ ဓါတ် ဆီတွေ၊ ပုလင်းတွေ၊ အဝတ်စတွေစုပေးရ၊ မုန့်ဟင်းခါးဆိုင်၊ အသုတ်ဆိုင်မှာက စ စစ်သားနဲ့ဆို အတူထိုင်မစားနိုင်လို့ ထသွားရာက ပြဿနာဖြစ်ကြတာ၊ စစ် သားအမျိုးဆို အိမ်မလာဘို့ဆန့်ကျင်ခဲ့ကြတဲ့သူတွေ အများကြီးပါဘဲ။ ဒါပေမဲ့ ၉၀ ခုနှစ်ရွေးကောက်ပွဲမှာ စစ်တပ်ဝန်းကျင်မဲဆန္ဒရှင်က NLD ကိုထောက်ခံခဲ့ ကြတာ၊ အင်အားရှိအောင် မဲမကွဲဘို့ စည်းရုံးလုပ်ဆောင်ပေးခဲ့ကြတာတွေ၊ ဒီ သမိုင်းတွေရှိခဲ့ပေမယ့် ဒီနေ့တော်လှန်ရေးသမိုင်းဟာ နားမလည်နိုင်လောက် အောင် ဘာတွေက ဘယ်လိုဖြစ်နေကြရတာလည်းဆိုတာ ဆန်းစစ်ကြဘို့၊ လေ့ လာကြဘို့၊ မှတ်သားကြဘို့လိုကြောင်းပါ။

---

**အမှားပြင် ။** ။ ပြီးခဲ့သည့် ၂၈–၁၂–၂၀၀၈ VOB 690 စာစောင် စာမျက်နှာ ၁၉ မှ နေမင်းဆောင်းပါး၏ ဒုတိယကော်လံ ပထမစာကြောင်းတွင် (ပြီးခဲ့တဲ့ ဂမ်ဘာရီကို ဒေါ်စုတွေ့ခဲ့တာကတော့) ၌ 'မ' တလုံးကျန်ခဲ့ပါသဖြင့် (ပြီးခဲ့တဲ့ ဂမ်ဘာရီကို ဒေါ်စုမတွေ့ခဲ့တာကတော့) ဟု ပြင်ဆင်ဖတ်ရှုကြပါရန်။

# တိုင်းပြည်အရေး ပြည်သူ့အရေး

နေမင်း

၈ လေးလုံး အနှစ် ၂၀ ကျော်ဖြတ်သန်းလာကြတဲ့ရင်ဖွင့်သံတွေကို အင်တာနက်မှာ မျိုးစုံဖတ်နေရတာ ပြည်ပလှုပ်ရှားမှုတွေအတွက် အကောင်းဘက်လား အဆိုးဘက်လားဆိုတာ အဖြေထွက်လာမလားတော့မသိပါဘူး။ ဒါတောင် စာရေးသူကိုယ်တိုင်ကစမရေးသေးတဲ့၊ ရေးလို့မဖြစ်သေးတဲ့အကြောင်းတွေကို ချန်ထားခဲ့၊ ကျော်သွားခဲ့၊ ဖုံးထားခဲ့တာတွေရှိနေတော့ ဒီလိုဘဲရှိကြဦးမှာပါဘဲ။ တချို့ကတော့ အငြိုးကြီးကြီးနဲ့ရေးနေတာတွေလည်း ပါမှာပါ။ အဲဒါတွေထဲက အမှန်တရားကိုရှာပြီး တိုင်းပြည်အတွက်တကယ်ထိရောက်မယ့်အဖြေကိုရှာနိုင်ကြမယ်ဆိုရင် အကျိုးရှိပါလိမ့်မယ်။ ညီညွတ်ရင်ပြီးရောဆိုပြီး ဒီလိုဘဲ ဝေလေ လေနဲ့ အထောက်အပံ့တွေမှာသာယာ၊ ရေဒီယိုတွေရဲ့ စင်တင်နိုင်ငံရေးမှာသာ ယာ၊ အခွင့်အရေးရှာတာတွေမှာသာယာနေကြရင် တိုင်းပြည်ကိုရော၊ ပြည်တွင်းကပြည်သူတွေကိုပါ လိမ်ညာလှည့်ဖြားနေကြတာနဲ့တူပါလိမ့်မယ်။ ဒီလိုဘဲ ဝေ့လည်လည်နဲ့ အဖြေလည်းရှာမရဘဲ ပြည်တွင်းအတွက်ထိရောက်မယ့်အကူအညီလည်းမပေးနိုင်၊ ရင်ထဲမှာလည်း ကြိတ်ပြီးမကျေနပ်ချက်တွေများ၊ တိုင်းပြည်နဲ့ပြည်သူကို ပိုလိမ်ရာကျမှာတွေနဲ့ နောက်အနှစ် ၂၀ ယောင်နေကြ၊ တိုင်းပြည်လည်းပိုဆိုးလာမှာနဲ့စာရင် ညီညွတ်နားလည်နိုင်ကြမယ့် တကယ်ထိရောက်နိုင်မယ့်နည်းဗျူဟာတွေနဲ့ ဝိုင်းလုပ်သင့်တာတွေလုပ်၊ ခွဲခြားတာဝန်ယူသင့်တာတွေယူပြီး ဒီမတရားတဲ့စနစ်ကြီးကိုကွယ်ပျောက်သွားအောင်လုပ်ဆောင်နိုင်ကြဘို့၊ တကယ်ထိရောက်တဲ့အကူအညီတွေ ပြည်တွင်းကိုပေးနိုင်ကြဘို့က ပိုအရေးကြီးမယ်ထင်ပါတယ်။

အခုတလော တိုင်းပြည်အတွက် သံဓိဋ္ဌာန်ကြီးကြီးနဲ့ ညီညွတ်ရေးလည်းဖြစ်စေချင်၊ တိုင်းပြည်လည်းကောင်းစေချင်၊ အမှန်တရားလည်းဖြစ်စေချင်တဲ့စိတ်ဆန္ဒနဲ့ အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးမကောင်းတဲ့ကြားက ကြိုးစားအဖြေရှာပေးနေတဲ့ ဆရာဦးဝင်းတင်ရဲ့ လူငယ်တွေနဲ့တွေ့ဆုံရာမှာပြောကြားတာတွေ၊ ရေဒီယိုနဲ့ဖြေကြားချက်တွေမှာ တကယ်သိသင့်တာတွေ၊ ပြဿနာရဲ့အဖြေရှာသင့်တာတွေကို သူ့ရဲ့ကိုယ်ပိုင်အမြင်နဲ့ရှင်းလင်းပြတာတွေကို ကြားကြ သိကြပြီးဖြစ်ပါလိမ့်မယ်။ ပြည်တွင်းနိုင်ငံရေးရဲ့အခြေအနေဟာ ပြဿနာမဖြစ်အောင် ထွက်ပေါက်ရှာအလျှော့ပေးရင်း အဖြေတွေ့အောင်၊ ပြဿနာနည်းအောင်၊ တွေ့ဆုံဆွေးနွေးနိုင်အောင်၊ အမျိုးသားရင်ကြားစေ့အောင်ကြိုးစားနေတဲ့ကြားက အချိန်တွေကြာလာတဲ့အလျောက်၊ အပြင်ရဲ့ပြဿနာတွေသာ မကအတွင်းမှာပါပြဿနာတွေများလာနေတာ ကြားကြရပါလိမ့်မယ်။ NLD ရဲ့အခြေအနေဟာ မကြာမီမှာ ပိုကြီးမားတဲ့ပြဿနာတွေနဲ့ရင်ဆိုင်ရမှာဖြစ်ကြောင်းလည်း အသိပေးထားပါတယ်။ ဒီလိုအချိန်တွေကြာခဲ့တာက အချိန်ကြာရုံသက်သက်မဟုတ်ဘဲ အသက်အရွယ်ကြီးရင့်လာတာ၊ ခြေကုန်လက်ပန်းကျလာတာတွေကလည်း မဖြစ်မနေရှိလာမှာပါဘဲ။ အခြားသောသတင်းတွေအရလည်း အောက်ခြေတွေနဲ့အဆက်ပြတ်လာပြီး မလှုပ်ရှားနိုင်တာ၊ မလှုပ်ရှားတော့တာတွေလည်း သိနေ ကြားနေကြရပါတယ်။

NLD ရဲ့အခြေအနေဟာ ရေစုန်မျှောရာက အချိန်တွေကြာလာတော့ ရေစုန်မြောပြီး ခေါင်းပိုင်းနဲ့ခြေလက်တွေမှာ မျှတတဲ့လှုပ်ရှားနိုင်မှုမပြုနိုင်တဲ့အခြေအနေ ဖြစ်လာနေပါပြီ။ (နိုင်ငံရေးပရိယာယ်ကြွယ်တာမကြိုက်ရင်တောင်၊ ပညာသားပါတာတွေမပြုနိုင်ခဲ့လို့၊ နိုင်ငံရေးပရိယာယ်များတာတွေကို ပညာသားပါပါမတုံ့ပြန်နိုင်ခဲ့တာတွေကလည်း အဖွဲ့ချုပ်ထဲမှာ အခက်အခဲတွေဖြစ်စေတာပါ) ဒါကြောင့် ဖြစ်လာတော့မယ့်ကိစ္စအဝဝကို ထွက်ပေါက်ရှာဖြေရှင်းနည်းနဲ့မဟုတ်တော့ဘဲ ဖောက်ထွက်နိုင်မယ့်အဖြေကိုသာရှာဘို့လိုလာပြီဆိုတာ ဆရာက ကြိုတင်ပြောကြားနေပါပြီ။ ဒီလိုပြဿနာကြီးလာတဲ့အကြောင်းကို အရင်ပြောခွင့်ရပုဂ္ဂိုလ်တွေက ရှင်းအောင်မပြောပြခဲ့ပါဘူး။ ပြောလို့မဖြစ်တာ လည်းဖြစ်မှာပါ။ အခြားသူတွေရဲ့အခြေအနေထက် ဆရာဦးဝင်းတင်ရဲ့ ထူးခြားတဲ့အခြေအနေကြောင့်မို့လည်း ပြောရဲတဲ့အကြောင်းအရာဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ အကြောင်းကြုံကြိုက်လို့ ပြည်တွင်းနဲ့ပြည်ပလှုပ်ရှားမှုတွေမှာ လှုပ်ရှားမှုပြုတာတွေ၊ လှုပ်ရှားနေသူတွေဟာ နေရာလွဲနေတာ၊ လူပုဂ္ဂိုလ်လွဲနေတာ ကြောင့် ထိရောက်သင့်သလောက်မရောက်တာများလားလို့လည်း တခါတရံ စဉ်းစားမိပါတယ်။ တချိန်တုန်းကတော့ မတွေးတတ်တာ၊ နားမလည်တာတွေလည်းရှိပါတယ်။ ဒါပေမဲ့ အချိန်တွေကြာလာတော့ စဉ်းစားလာရ၊ နားလည်လာရတာတွေ ရှိရမှာပါ။ အချိန်တွေဘယ်လောက်ကြာခဲ့ပြီလဲဆိုတာက ဘယ်အခြေအနေဆိုက်လာပြီလဲဆိုတာနဲ့ယှဉ်ကြည့်ရင် သိနိုင်ပါတယ်။

အခုအချိန်ထိ ကြားကြားနေရတာတွေက၊ "ကိစ္စမရှိဘူး၊ သိပ်မရှိသေးဘူး" ဆိုတာကနေ "အခုတော့ လေ့တစင်းလုံးနစ်တော့မလိုဖြစ်လာနေပါပြီ"။ ဒါတောင် NLD မဟုတ်တဲ့ သီးခြားစွန့်စားသူတွေရဲ့လှုပ်ရှားမှုတွေရှိနေလို့ပါ။ ပြည်တွင်း NLD ဟာ ဘာကြောင့်မလှုပ်ရှားနိုင်ဖြစ်လာတာလဲ၊ အင်အားတွေ ဘာကြောင့်မတိုးလာတာလဲ၊ ပြည်သူတွေကစိတ်ဝင်စားမှုနည်းလာလို့လား၊ စည်းရုံးပေမယ့် စည်းရုံးရေးမှူးကောင်းတွေမရှိလို့လား၊ ပြည်တွင်းမှာလှုပ်ရှားရင် ပိုအားကောင်းနိုင်တာတွေက ဘာကြောင့် ပြည်ပမှာဘဲလှုပ်ရှားနေရပါလိမ့်၊ ဘာကြောင့် ပြည်ပမှာဘဲ စည်းရုံးရေးမှူးကောင်းတွေရှိပြီး၊ စည်းရုံးရေးအားတွေကောင်းနေရပါလိမ့်။ ပြည်တွင်း NLD ကို အထောက်အကူကြီးမားမှုဖြစ်အောင်၊ အင်အားကောင်းအောင်၊ ဒီထက်လှုပ်ရှားနိုင်အောင် ဘာတွေများ ဖြည့်တင်းဘို့ အစီအစဉ်ရှိပါလိမ့်။ ထားပါတော့ ဒါတွေက တာဝန်ရှိတယ်ဆိုတဲ့သူတွေ၊ တာဝန်ယူတဲ့သူတွေ စဉ်းစားရမှာပါ။ အဖြေရှိမှာပါ။

အရေးအကြီးဆုံးကတော့ ဘယ်အမည်နဲ့ ဘယ်အဖွဲ့ဖြစ်ဖြစ်၊ အဖွဲ့စွဲကြီးသူတွေဘဲဖြစ်ဖြစ်၊ ကိုယ့်အဖွဲ့က ဘယ်လိုထိရောက်အောင်လုပ်ပေးမှာလဲ။ ဘာကို ဘယ်လိုအကောင်အထည်ဖော်မှာလဲ။ ဘယ်လိုလုပ်လို့ ဘယ်လိုဖြစ်ပြီး ဘယ်လိုဒီမိုကရေစီရမှာလဲ (သို့မဟုတ်) ဒီမိုကရေစီရဘို့အတွက် ဘယ်လိုအထောက်အကူဖြစ်မှာလဲဆိုတာ တာဝန်ရှိသူတွေဆုံးဖြတ်ကြပါ။ အဖွဲ့ဝင်တွေကလည်း တာဝန်ရှိသူတွေကိုမေးကြပါ၊ အကူအညီပေးကြပါ။ နိုင်ငံခြားမှာက ဒီအဖွဲ့ဒီနာမည်တပ်မှ လှုပ်ရှားဆောင်ရွက်လို့ရတဲ့၊ ကူညီနိုင်တဲ့သဘောက လည်းရှိတော့ ဘယ်နာမည်နဲ့ဘဲဖြစ်ဖြစ် ဒီမိုကရေစီရရှိရေးအတွက် လက်တွေ့ကျတဲ့အကောင်အထည်တွေပေါ်လာဘို့က အရေးကြီးပါတယ်။ ဘယ်ကျောင်းသားမှ ရိုးသားစွန့်စားတာ၊ ဘယ်အလုပ်သမားမှ ထိရောက်မှုရှိတာ၊ ဘယ်လက်နက်ကိုင်မှ ထိုးဖောက်မှုအားကောင်းမှာ၊ ဘယ်နိုင်ငံရေးသမားမှ အသိအမြင်စွမ်းရည်ကြီးမားမှာဆိုပြီး အတွေးနဲ့တင်ယောင်မနေကြပါနဲ့။ ဘယ်က ဘယ်လိုတွေမြှောက်ပေးပြီး လက် လေး–ငါးဘက်လောက်နဲ့လက်တို့ပေးနေတာတွေ၊ တောင်ကျောင်းဘုန်းကြီးကနိုင်တယ်၊ မြောက်ကျောင်းဘုန်းကြီးကနိုင်တယ်နဲ့ သွေးထိုးတာမျိုးတွေမှာလည်း သာယာမနေကြပါနဲ့။ အားလုံး ငယ် ငယ်က ကလေးတွေ၊ ကျောင်းသားတွေချည်းပါဘဲ။ သူ့နေရာနဲ့သူ့အသုံးကျဘို့ သာ အရေးကြီးတာပါ။

ဒီနေရာမှာ အများမသိနိုင်သေးတဲ့အဖြစ်အပျက်တခုကို အကျဉ်းမျှဖော်ပြလိုပါတယ်။ ၈ လေးလုံးပြီးတော့ ဒေါ်စုတို့၊ ဦးတင်ဦးတို့ သတင်းစာရှင်းလင်းပွဲတွေကျင်းပနေစဉ်ကာလ သူရဲကောင်းဗိုလ်ကြီးအုန်းကျော်မြင့်လို့ဘဲ အရေးပါတဲ့နေရာမှာရှိနေတဲ့ ဗိုလ်မှူးတဦးဟာ ဒေါ်စုတို့၊ ဦးတင်ဦးတို့ရဲ့သတင်းစာရှင်းလင်းပွဲမှာပြောတာတွေ၊ သီးခြားပြောတဲ့မိန့်ခွန်းတွေ၊ စာရွက်စာတမ်းတွေကို တိတ်တဆိတ်တောင်းခံ ဖတ်ရှုနားထောင်ခဲ့ပါတယ်။ ဒီနောက်မှာ သူက နဝတ လုပ်ပေးမယ့်ရွေးကောက်ပွဲကို ဒေါ်စုအနေနဲ့မဆန့်ကျင်ဘဲ အသာတကြည်လိုက်လျောလိုက်သင့်တယ်၊ ဒါမှ ပြည်သူတွေကအဆုံးအဖြတ်ပေးတာကိုရပြီး နဝတ ကကလိန်ကကျစ်လုပ်လာရင် တပ်မတော်သားကောင်းတွေကလည်း မခံပါဘူးလို့

စာမျက်နှာ ၁၈ သို့

# နာဂစ်မုန်တိုင်းဒဏ်ခံရသည့်ဒေသတွင် ပညာရေးအခြေအနေဆုတ်ယုတ်

**DVB ၊ ဒီဇင်ဘာ ၃၁ ။** ။ နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ဒေသတွေမှာ အခက်အခဲမျိုးစုံကြောင့် ဒီနှစ်ပညာရေးဖွံ့ဖြိုးမှု နိမ့်ကျမယ့်အခြေအနေရောက်နေပြီး သက်ဆိုင်ရာက ထိထိရောက်ရောက်ကိုင်တွယ်တာမရှိဘူးလို့ သိရပါတယ်။

နာဂစ်လေဘေးဒဏ်ခံရတဲ့ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်းမှာ အထူးသဖြင့် မူလတန်းကျောင်းတက်တဲ့ ကလေးဦးရေ တဖြည်းဖြည်းနဲ့ သိသိသာသာလျော့နည်းလာတယ်လို့ ဘိုကလေးမြို့မှ ပညာရေးဝန်ထမ်းတဦးက ပြောပါတယ်။

"တချို့ကျောင်းတွေမှာ ကလေးတွေဟာ နာဂစ်ပြီးတဲ့နောက်မှာတော့ ကျောင်းသားတွေအများကြီးရှိတယ်၊ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ဒီကျောင်းသား တွေ ဘယ်ရောက်ကုန်တယ် ပြောလို့မရဘူး၊ ကျောင်းတွေမှာ တော်တော်လျော့ ကုန်ပြီ၊ အဲဒီကလေးတွေက ကျောင်းပြောင်းသွားတာလား၊ ကျောင်းမတက်တော့တာလား၊ ဒါတွေကို ပညာရေးဌာနက စေ့စေ့စပ်စပ်ကိုင်တွယ်တာမရှိဘူး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကျောင်းတွေကလည်းပဲ အခုထိ ရွက်ဖျင်တဲတွေနဲ့ပဲနေရသေးတယ်၊ ကျောင်းသားတွေကလည်း ရွှေ့ပြောင်းပြီး တော့ ကျောင်းမှာ မူလစာရင်းအတိုင်းမရှိတော့ဘူး။

ဒါတွေကို စာရင်းအတိအကျကောက်ပြီး ကျောင်းသားတွေ ကျောင်းထဲ ပြန်ရောက်အောင်လုပ်တဲ့အနေအထားမျိုး မတွေ့ရဘူး၊ စာသင်နှစ် တနှစ်ပြည့်တော့မယ်၊ အခုထိ ဆရာတွေက သင်တန်းတွေတက်ပြီးတော့ ကျောင်းမှာ မူလတန်းအဆင့်တွေဆိုရင် စာသင်တဲ့အဆင့်ကိုမရှိသေးဘူး"

မုန်တိုင်းဒဏ်ကြောင့် ငွေကြေးချို့တဲ့လို့ ကျောင်းမတက်နိုင်သူတွေကို ဘုန်းကြီးကျောင်းတွေနဲ့ အကူအညီပေးရေးအဖွဲ့တွေက ပညာသင်ကြားပေးနေပါတယ်။

အဲဒီနေရာတွေမှာသင်ယူတဲ့ကျောင်းသားတွေထဲက တချို့ စာမေးပွဲဖြေခွင့်ပိတ်ပင်ခံရတယ်လို့ အဆိုပါပညာရေးဝန်ထမ်းကပြောပါတယ်။

"မင်းလှကုန်းရွာမှာဆိုလို့ရှိရင် ဆယ်တန်းကျောင်းသား ၁၁ ယောက်ဟာ ကျောင်းမနေနိုင်တော့ ဘုန်းတော်ကြီးကနေ အဲဒီ ၁၁ ယောက်ကိုခေါ်ထားပြီး စာသင်ပေးတယ်၊ ဒီကလေးတွေက အစိုးရကျောင်းမှာမတက်တဲ့အတွက် စာမေးပွဲဖြေခွင့်မရှိဘူးဆိုတဲ့ပြဿနာပေါ်လာတယ်၊ ဒီကလေး ၁၁ ယောက်ဟာ တနှစ်လုံးလုံးဆုံးရှုံးသွားမယ့်အနေအထားမှာရှိတယ်"

ပြန်လည်တည်ဆောက်ရေးအခြေအနေတွေကို သက်ဆိုင်ရာဒေသတွေမှာရှိတဲ့ တာဝန်ရှိတဲ့ဝန်ထမ်းတွေ၊ ရယကနဲ့ ပြည်သူ့ရဲတပ်ဖွဲ့တွေကစောင့်ကြည့်ပြီး သက်ဆိုင်ရာကိုသတင်းပို့၊ အကူအညီပေးရမယ့်အစား လျစ်လျူရှုထားတဲ့ အနေအထားတွေတွေ့နေရပြီး ၂ လုံး၊ ၃ လုံး၊ ဘောလုံး စတာတွေပဲ အာရုံစိုက်နေတယ်လို့ဆိုပါတယ်။

"ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေပြီးပြီဆိုတာက ဘာကိုပြောတာလဲဆိုတာ ကျနော်တို့လည်း ခန့်မှန်းလို့မရဘူး" လို့ အဆိုပါပညာရေးဝန်ထမ်းကပြောပါတယ်။

မူလတန်းအရွယ်ကလေးတွေ စာသင်ချိန်လျော့နည်းကျဆင်းနေရသလို တာဝန်ရှိသူတွေက ပညာရေးဝန်ထမ်းတွေကို ကူညီမှုအားနည်းတာကြောင့် ဆရာဆရာမတွေကိုယ်တိုင်၊ ကိုယ်ပိုင်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ မှာ အလုပ်များနေကြပြီး တခြားအပူအပင်တွေကြောင့် အရင်နှစ်တွေကလောက် စိတ်ပါလက်ပါသင်ကြားနိုင်ခြင်းမရှိကြပါဘူး။

ဘိုကလေးမြို့က နာဂစ်မုန်တိုင်းဒဏ်သင့်တဲ့ ဆရာ ဆရာမတွေအတွက် UNICEF ကလှူဒါန်းတဲ့ သွပ်ပြားရေ ၅၈၃၀ ကိုလည်း မြို့နယ်ပညာရေးမှူးက ခုနှစ်လကြာတဲ့တိုင်အောင် မဝေပေးသေးဘဲ ဂိုဒေါင်ထဲမှာသိမ်းထားဆဲဖြစ်တယ်လို့ ဘိုကလေးမြို့မှပညာရေးဝန်ထမ်းကပြောပါတယ်။


Voice of Burma

**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**


AIR MAIL

**T o**

**PRINTED MATTER**